# လူ့အခွင့်အရေးသတင်းလွှာ

## ကရင်လူ့အခွင့်အရေးအဖွဲ့

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ) (၁၉) ကြိမ်မြောက်ထုတ်ဝေသော KHRG သတင်းလွှာ



KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မျှော်မှန်းချက်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)သည် အနာဂတ်တွင်မြန်မာပြည်မှတိုင်းရင်းသားနှင့် ပြည်သူလူထုများအားလုံး တရားမျှတမှုနှင့်တန်းတူအခွင့်အရေးများ အပြည့်အဝရရှိစေရန် မျှော်မှန်းချက်အခိုင်အမာထားရှိထားပါသည်။

## လုပ်ဆောင်ချက်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)သည် လွတ်လပ်သော လူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုန့်ပြန်ကာကွယ်ခြင်းစသည့် နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ရွာသားများ၏အသံ၊ အမြင်သဘောထားနှင့် အဓိကတောင်းဆိုမှုများကို ဆုံးဖြတ်ချက်ချနိုင်သော သြဇာအာဏာရှိသူများအားလွှမ်းမိုးနိုင်ရန် ရွာသားများ၏လုပ်ဆောင်နိုင်စွမ်းနှင့် ၎င်းတို့၏လူ့အခွင့်အရေးများတောင်းဆိုရာတွင် အခွင့်အလမ်းပိုမိုရရှိလာစေရန် ရည်ရွယ်ပါသည်။ ထိုနည်းအတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကိုလည်း ရွာသားများ၏ မိမိကိုယ်ကိုကာကွယ်သည့်နည်းလမ်းများအား ဝိုင်းဝန်းပံ့ပိုးပေးရန် တိုက်တွန်းလှုံ့ဆော်ပါသည်။

## နောက်ခံသမိုင်း အကျဉ်းချုပ်

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောမလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်းလူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျှက်ရှိသည့် ရွာသားများ၏နည်းဗျူဟာများအား ပိုမိုကောင်းမွန်လာစေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများ လုပ်များလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိနေပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

# စကားချီး

ဝမ်းမြောက်ခြင်းများစွာဖြင့် ၁၉ ကြိမ်မြောက်သတင်းလွှာကို KHRG မှ တစ်ဖန်ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသတင်းလွှာကို တစ်နှစ်တွင်နှစ်ကြိမ် ထုတ်ဝေပါသည်။ ဤနှစ်အတွင်း ဒုတိယမြောက်ထုတ်ဝေမည့် သတင်းလွှာကို ဇွန်လ ၂၀၂၂ ခုနှစ်မှ နိုဝင်ဘာလ ၂၀၂၂ ခုနှစ်ထိ KHRG မှလက်ခံရရှိခဲ့သည့် သတင်းအချက်အလက်များနှင့် ၎င်းမတိုင်မီအချိန်မှ သတင်းဖြစ်ရပ်များလည်း ထည့်သွင်းရေးသားထားပါသည်။

ဤသတင်းလွှာအား ဖြန့်ဝေရသည့်ရည်ရွယ်ချက်မှာ KHRG မှ လက်ခံရရှိခဲ့သောအချက်အလက်များကို ခရိုင်(၇)ခုအတွင်းရှိ ပြည်သူလူထုများအကြား မျှဝေပေးလိုခြင်းကြောင့်ဖြစ်သည်။ စာဖတ်သူများသည် ခရိုင်တစ်ခုချင်းစီမှ ဖြစ်ပွားခဲ့သည့် အမျိုးမျိုးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖတ်ရှုနိုင်ရန်၊ ကရင်ပြည်နယ်ရှိ ခရိုင်အားလုံးမှ လူ့အခွင့်အရေးအခြေအနေများကို သိရှိရန်နှင့် မျက်စိပွင့်နားပွင့်လာရန်ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤ KHRG သတင်းလွှာတွင် ပါရှိသောအချက်အလက်များကို ကရင်ပြည်နယ်၏ ခရိုင်(၇)ခုဖြစ်သော သထုံခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ မြိတ်–ထားဝယ်ခရိုင်၊ မူတရော်ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဖားအံခရိုင်တို့မှ ကောက်ယူ၍ ရေးသားတင်ဆက်ထားပါသည်။ ဤသတင်းလွှာထဲမှ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာတစ်ခုချင်းစီသည် ခရိုင်အားလုံးတွင်ဖြစ်ပွားခဲ့ပြီး အချို့နေရာတွင် ချိုးဖောက်မှုပုံစံတူညီမှုရှိကြပြီး အချို့တွင် ကွဲပြားမှုများရှိနေသည်ကို စာဖတ်သူများအနေဖြင့် သိရှိနိုင်မည်ဖြစ်သည်။

ဤဖော်ပြပါသတင်းစာစောင်ထဲ၌ လက်နက်ကြီးပစ်ခတ်မှုများနှင့် လေယာဉ်ဗုံးကြဲမှုများ၊ ဖမ်းဆီးချုပ်နှောင်ခြင်း, ပေါ်တာဆွဲခြင်း, အတင်းအဓမ္မဖမ်းဆီးကာ လမ်းပြခိုင်းစေခြင်းနှင့် လူသားဒိုင်းအဖြစ်အသုံးချခြင်း၊ ပြည်တွင်းစစ်ဘေးရှောင်များ၏အခြေနေ၊ တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု၊ စစ်ကောင်စီမှ ဒေသခံများအားသတ်ဖြတ်မှု၊ မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် နောက်ဆက်တွဲအကျပ်အတည်းများ စသည့်အကြောင်းအရာများပါဝင်ပါသည်။

နောက်ဆုံးအနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းဒေသအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စာဖတ်သူများမှ သိရှိနားလည်ပြီး ရွာသားများရင်ဆိုင်ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ၎င်းတို့၏ခံစားချက်များကို စာဖတ်သူများအနေဖြင့် ရှုမြင်ခံစားနိုင်မည်ဟု KHRG မှ ယုံကြည်ပါသည်။ ထို့အပြင် ဖြစ်နိုင်မည်ဆိုလျှင် ရွာသားများကြုံတွေ့ခံစားရသည့် ပြဿနာရပ်များအား ရှေ့ဆက်၍ အနာဂတ်တွင် အတူတကွကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများရှာဖွေရန်ဖြစ်ပါသည်။

# လက်နက်ကြီးပစ်ခတ်မှုများ နှင့် စစ်လေယာဉ်ဗုံးကြဲမှုများ

၂၀၂၂ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း SAC စစ်ကောင်စီတပ်မှ တိုက်ပွဲအတွင်း စစ်လေယာဉ်များအသုံးပြုခြင်း၊ ရွာသူရွာသားများနေထိုင်ရာဒေသတွင်းနှင့် လုပ်ကိုင်စားသောက်ရာနေရာဒေသများသို့ လက်နက်ကြီးများပစ်ခတ်ခြင်းအားဖြင့် ရွာသားများ၏ဘဝကို ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။ ဤကဲ့သို့သောတိုက်ပွဲများကြောင့် ရွာသူရွာသားများ အသက်သေကြေဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ တိရိစ္ဆာန်များ၊ လုပ်ကိုင်စားသောက်ရာနေရာဒေသများ၊ အိုးအိမ်များ ထိခိုက်ပျက်စီးမှုများ ဖြစ်စေရုံသာမက ကရင်လူမျိုးများနေထိုင်ရာဒေသများတွင် ပြည်တွင်းစစ်ပြေးရှောင်အများအပြားရှိလာသည်။

ခြောက်လတာအတွင်း SAC ၏စစ်လေယာဉ်များ မှခရိုင်တော်တော်များများအတွင်းသို့ ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့သည်။ ပစ်ခတ်မှုများလုပ်ဆောင်ခဲ့သော ခရိုင်များမှာ ဒူးပလာယာ၊ မူတြော်(ဖာပွန်)၊ ခလယ်လွီထူ(ညောင်လေးပင်)နှင့် ဒူးသထူ(သထုံ)တို့ဖြစ်သည်။ အခြားခရိုင်များအတွင်းတွင်မူ စစ်ကောင်စီမှ ၎င်းတို့၏ဒရုန်းများဖြင့် ဒေသတွင်းစုံစမ်းထောက်လှမ်းမှုများ မကြာခဏပြုလုပ်လေ့ရှိသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၏ မှတ်တမ်းအရ စစ်ကောင်စီ၏ လေယာဉ်ဗုံးကြဲမှုများကြောင့် ဒေသခံရွာသား(၁၁)ဦးသေဆုံးခဲ့ရပြီး၊ (၂၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရွာသားများ၏နေအိမ်(၆၀)လုံး၊ ကျောင်းတစ်လုံး၊ ဘုန်းကြီးကျောင်း(၂)လုံး၊ ဘုရားရှိခိုးကျောင်းတစ်လုံး၊ ခန်းမ(၂)လုံး၊ ကားတစ်စီး၊ ဆိုင်ကယ်(၂)စီး၊ အဝတ်ချုပ်စက်တစ်လုံး ထိခိုက်ပျက်စီးခဲ့သာမက ရွာသူရွာသားများ၏ ဝက်နှင့်ကြက်များတို့လည်း သေကြေခဲ့ရသည်။ ဤအကြောင်းအရာများမှအပ KHRG မှ မှတ်တမ်းပြုစု၍မရသော ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေကြေပျက်စီးမှုအရေအတွက်များလည်း များစွာရှိအုံးမည်ဖြစ်သည်။

ဒူးပလာယာခရိုင်၊ ကော့တရိ(ကော့ကရိတ်)မြို့နယ်တွင် ဧပြီလမှ စက်တင်ဘာလအတွင်းတွင် စစ်ကောင်စီ၏လေယာဉ်ဗုံးကြဲတိုက်ခိုက်မှုသည် အကြိမ်ရေ(၂၀)နှင့်အထက် ရှိခဲ့သည်။ KHRG ၏ မှတ်တမ်းများတွင် ဒေသခံများအားထိခိုက်ဒဏ်ရာရရှိမှုနှင့် သေကြေမှုများဖြစ်စေသော ဖြစ်ပျက်မှုများစွာရှိသည်။

ဖြစ်ပျက်မှုများအနက်တစ်ခုမှာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ညနေ ၈ နာရီအချိန်တွင် SAC ၏လေယာဉ်တစ်စီးမှ သေဘောဘိုးရွာထဲသို့ ဗုံး(၂)လုံးကြဲခဲ့သည်။ ဗုံး(၂)လုံးအနက် တစ်လုံးမှာ မပေါက်ကွဲခဲ့ပါ။ လေယာဉ်ဗုံးကျခဲ့သော နေရာမြေမျက်နှာပြင်တွင် တွင်းအကြီးကြီးဖြစ်ခဲ့ပြီး ၎င်းတွင်း၏အနက်မှာ (၉)ပေရှိသည်။ ဤလေယာဉ်ဗုံးကြဲမှုတွင် ဒေသခံရွာသား(၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး၊ အိမ်(၆)လုံးနှင့် ဆိုင်ကယ်(၂)စီး ထိခိုက်ပျက်စီးခဲ့သည်။ ထို့ပြင် လေယာဉ်ဗုံးဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော လူငယ်အမျိုးသား(၂)ဦးမှာ ၎င်းတို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများ ကြေမွပျက်စီးခဲ့သောကြောင့် ဖြစ်ပျက်မှုအတွင်းတွင်ပင် အသက်ဆုံးရှုံးခဲ့ကြရသည်။ ၎င်းတို့(၂)ဦးမှာ စောနားပါ အသက်(၂၇)နှစ်နှင့်စောခါဆူ အသက်(၃၈)နှစ်တို့ ဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သောဒေသခံ(၂)ဦးမှာ စောကျော်ယေးအသက်(၇၅)နှစ်နှင့် သူ၏သမီးနော်နအသက်(၃၇)နှစ်တို့ ဖြစ်သည်။ ၎င်းတို့(၂)ဦးလုံး၏ ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ပြီး၊ ထို့နောက် ၎င်းတို့ကို ထိုင်းနိုင်ငံမဲဆောက်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။

ညအချိန်တွင် SAC ၏လေယာဉ်ပစ်ခတ်မှုကြောင့် ဆူညံပွက်လောရိုက်သံများ ရုတ်တရက်ဖြစ်ပွားခဲ့သည့်အတွက် ဒေသခံများကြောက်ရွံ့ကြပြီး၊ သူမွဲ(သောင်ရင်း)မြစ်ကမ်းနား သေဘောဘိုးစစ်ပြေးရှောင်များ ယာယီနေထိုင်သည့်နေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ နောက်နေ့ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် SAC ၏လေယာဉ်သည် သေဘောဘိုးရွာနှင့်နီးသည့် လေးဝေါ်ရွာတွင် ထပ်မံဗုံးကြဲခဲ့သည်။ ဒေသခံ(၄)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး၊ ၎င်းတို့(၄)ဦးအနက်တစ်ဦးမှာ အမျိုးသမီးဖြစ်ပြီး၊ ကျန်(၃)ဦးမှာ အမျိုးသားများ ဖြစ်ကြသည်။ အမျိုးသား(၃)ဦးအနက်တစ်ဦးမှာ (၁၁)နှစ်အရွယ်ယောကျ်ားလေးတစ်ဦးလည်းပါဝင်ခဲ့သည်။

ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဇွန်လ ၂၇ ရက်နေ့မှစပြီး ဇူလိုင်လ ၂ ရက်နေ့ထိ တစ်ပါတ်အတွင်း နေ့တိုင်းလိုလို SAC မှ လေယာဉ်ဗုံးကြဲမှုများပြုလုပ်ခဲ့သည်။ လေယာဉ်ဗုံးကြဲမှုတွင် ပစ်မှတ်ထားမှတ်ခံရသော ကျေးရွာများမှာ အူးကရေထာ၊ သေဘောဘိုးနှင့် လေးဝေါ်တို့ဖြစ်ပြီး ၎င်းကျေးရွာများသည် ကော့တရိမြို့နယ် သေဘောဘိုးကျေးရွာအုပ်စုနှင့် ခြူကလီးကျေးရွာအုပ်စု မော်တူဒေသတွင် တည်ရှိသည်။ ရက်အတော်များများအတွင်း လေယာဉ်ဗုံးကြဲမှုကြောင့် ဒေသခံများ၏ အသက်သေကြေမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည့်အတွက် ဒေသခံများမှသူးမွဲ(သောင်ရင်း)မြစ်ကမ်းနားနေရာတွင် ယာယီသွားရောက်ခဲ့ကြပြီး၊ အချို့မှာမူ ထိုင်းနိုင်ငံတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ထို့နည်းတူ၎င်းတို့၏အိုးအိမ်၊ ပစ္စည်းများနှင့် တိရိစ္ဆာန်များစွာလည်း ပျက်စီးသေကြေခဲ့သည်။ ဤဖြစ်ပျက်မှုများကြောင့် တောနော်အထက်တန်းကျောင်းကို ချက်ချင်းပင်ပိတ်ခဲ့ရပြီး၊ ကျောင်းသားများကို ထိုင်းနိုင်ငံမူလီချိုင်းကျေးရွာဘက်ကမ်းသို့ ပို့ဆောင်ခဲ့သည်။

မူတြော်ခရိုင်တွင်မူ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ မွန်းလွဲပိုင်း ၂ နာရီ ၂၅ မိနစ်တွင် SAC ၏ လေယာဉ်(၃)စီးသည် မယ်ဝေရွာသို့ပျံသွားခဲ့သည်။ ထိုလေယာဉ်(၃)စီးအနက် တစ်စီးမှာ စစ်ကောင်စီတပ်သားများအတွက် စားနပ်ရိက္ခာများကိုသယ်ဆောင်လာခဲ့ပြီး ကျန်(၂)စီးမှာမူ လုံခြုံရေးယူခဲ့စဥ် ဒွယ်လိုးမြို့နယ်၊ မယ်ဝေကျေးရွာအုပ်စု၊ ကလော၀ါးရွာတွင်းသို့ ဗုံးကြဲခဲ့သည့်အတွက် ဒေသခံရွာသားတစ်ဦး သေဆုံးခဲ့ရသည်။ ထို့နောက်၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် SAC ၏လေယာဉ်မှ မောခီးရွာတွင် သွားရောက်ဗုံးကြဲပြန်သည့်အတွက် ဒေသခံရွာသားအသက် ၄၂ နှစ်အရွယ် စောဖါးဘူးအား ထိမှန်ခဲ့သည့်အတွက် သေဆုံးခဲ့သည်။ ထို့နည်းတူစွာ ဧပြီလ ၂၉ ရက်နေ့တွင် SAC ၏လေယာဉ်မှာ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒေဘူးနိုဒေသလဘောရွာတွင် ထပ်မံဗုံးကြဲခဲ့သည့်အတွက် လဘောကျေးရွာရှိလူငယ်အမျိုးသားတစ်ဦးအားဗုံးစများထိမှန်ခဲ့ပြီး ၎င်းကိုဒေဘူးနိုဆေးခန်းသို့ ကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။

ခလယ်လွိထူခရိုင်တွင်လည်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် SAC ၏လေယာဉ်မှ မူးမြို့နယ်တွင်ဗုံးကြဲခဲ့စဥ်တွင် ဒေသခံရွာသား (၄)ဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ထိုထက်မက ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ညနေ ၃ နာရီအချိန်တွင် တပ်မဟာ(၅)မှ ပြန်ဆင်းလာသည့် SAC တပ်နှင့် KNLA တပ်တို့အကြား လယ်ဒိုမြို့နယ် ကွီးလါးကျေးရွာအုပ်စုတွင် တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။ ထိုနေ့တွင်းတွင် SAC မှ လက်နက်ကြီးမြောက်မြားစွာ ပစ်ခတ်ခဲ့သည်သာမက ၎င်းတို့၏လေယာဉ်သည်လည်း တိုက်ပွဲဖြစ်ပွားခဲ့သည့် နေရာအနီးတဝိုက်တွင် စုံစမ်းထောက်လှမ်းမှုများနှင့် လက်နက်ယမ်းသမ်းပစ်ခတ်မှုများပါ ပြုလုပ်ခဲ့သည်။ ဒေသခံများ၏ပြောပြချက်အရ လေယာဉ်မှစက်သေနတ်များဖြင့် (၂)ကြိမ်ပစ်ခတ်ခဲ့ပြီး၊ ဗုံးတစ်လုံးကြဲခဲ့သည်။ ထို့ပြင် စစ်လေယာဉ်များမှာ စုံစမ်းထောက်လှမ်းမှုများကို မကြာခဏပြုလုပ်ကြသည်။ (၂)ရက်တာအတွင်း လေယာဉ်မှ စုံစမ်းထောက်လှမ်းမှုများကို ပြုလုပ်ခဲ့သည့်အတွက်လယ်ဝါးနှင့် လော်ကလောခီးကျေးရွာများမှဒေသခံများသည် ကျေးရွာအပြင်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ဒေသခံများသည် ယနေ့ထက်ထိတိုင် တောတောင်များအကြားတွင် ထွက်ပြေးတိမ်းရှောင်နေကြဆဲဖြစ်သည်။

ဒူးသထူခရိုင်အတွင်းတွင်မူ ၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် SAC ၏ ဟယ်လီကော်ပတာလေယာဉ်နှင့် စစ်လေယာဉ်များသည် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပရရောကျေးရွာအုပ်စု၊ လေးကေဒေသတွင် (၂)ကြိမ် ဗုံးကြဲခဲ့သည်။ ဒေသခံများ၏ အိမ်(၁၀)လုံးနှင့် ၎င်းတို့အထဲတွင်ရှိသည့် ပစ္စည်းများ၊ ကားနှင့် တိရိစ္ဆာန်များလည်း မီးလောင်ပျက်စီးခဲ့သည်။ ထို့ပြင် ဒေသခံရွာသား(၃)ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အတွက်ကြောင့် ဒေသခံများသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ရွာထဲမှ ထွက်ပြေးခဲ့ကြသည်။ လေယာဉ်ပစ်ခတ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဒေသခံများအနက် တစ်ဦး၏ တင်ပြချက် အရ "လေယာဉ်လာပစ်တဲ့အချိန်မှာ ကျွန်တော်တို့က ရော်ဘာခြံထဲမှာရှိနေတာ။ ကျွန်တော်တို့ ကဗျာကယာ ပြေးလိုက်ရတယ်။ လေယာဉ်ပစ်ချလိုက်တဲ့ဗုံးထိမှာ ကျွန်တော်တို့ အရမ်းကြောက်နေရတယ်။ လေယာဉ်ကတော့ ကျွန်တော်တို့ခေါင်းပေါ်မှာဘဲ ဝဲပျံနေတာ။ ကျွန်တော်တို့ တစ်နေရာပြီးတစ်နေရာ ရွှေ့ပြောင်းရတယ်။ ညပိုင်းမှာမိုးရွာလို့ ကျွန်တော်တို့မိုးရေထဲမှာဘဲ အိပ်ရတယ်။ အိပ်ယာလည်းမရှိဘူး။ ကလေးတွေနဲ့ပြေးရလွှားရတာ တော်တော်ခက်ခဲတယ်။ ကျွန်တော်တို့ပြေးတဲ့အဖွဲ့ထဲမှာ ကလေး(၃)ယောက်ပါတယ်။ ကျွန်တော်တို့မြေကြီးပေါ်မှာဘဲ အိပ်ရတယ်။"

## လက်နက်ခဲယမ်းများယမ်းသမ်းပစ်ခတ်မှု

SAC မှ ယမ်းသမ်းပစ်ခတ်မှုပြုလုပ်ရာတွင် စစ်တပ်နေရာများကိုဘဲ ပစ်မှတ်ထားရုံသာမက ဒေသခံများ၏နေရာထိုင်ခင်းများ၊ လုပ်ကိုင်စားသောက်ရာနေရာဒေသများနှင့် ထွက်ပြေးတိမ်းရှောင်ရာနေရာဒေသများပါ ပစ်မှတ်ထားပစ်ခတ်မှုများ အကြိမ်များစွာပြုလုပ်ခဲ့သည့်အတွက် ဒေသခံများနှင့်တိရိစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးမှုများလည်းရှိသည်။ ထို့ပြင် အခြားထိခိုက်ပျက်စီးမှုများဖြစ်သည့် အိုးအိမ်နေရာထိုင်ခင်းများ၊ လမ်းနှင့်တံတားများလည်းရှိသည်။

ပုံမှန်အားဖြင့် SAC မှ လက်နက်ယမ်းသမ်းပစ်ခတ်မှုကို တိုင်းရင်းသားလက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်ချိန်၊ KNLA ၏ နယ်မြေဒေသထဲတွင် လှုပ်ရှားသွားချိန်တွင် လမ်းရှင်းရန်၊ ၎င်းတို့စားနပ်ရိက္ခာနှင့် စစ်ထောက်ပို့ပစ္စည်းများ ပို့ဆောင်ချိန်၊ SAC မှ KNLA စစ်ကြောင်းလှုပ်ရှားမှုရှိကြောင်း သတင်းရရှိချိန်နှင့် အခြားခန့်မှန်းနိုင်သည့်အကြောင်းအရင်းများကြောင့်လည်း ပြုလုပ်လေ့ရှိသည်။ SAC မှ လက်နက်ကြီးများမပစ်ခတ်မီ လက်နက်ကြီးများပစ်ခတ်မည်ဖြစ်ကြောင်း ဒေသခံများမှ ကြိုတင်ထွက်ပြေးတိမ်းရှောင်ရန် ကြိုတင်သတိပေးခြင်းနှင့် အသိပေးခြင်းများမရှိပါ။

ဒူးသထူခရိုင်တွင် လက်နက်ကြီးယမ်းသမ်းပစ်ခတ်မှုများစွာရှိခဲ့သည့်အနက ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ မွန်းလွဲပိုင်း ၁ နာရီ ၃၀ မိနစ်တွင် နကြီးရွာတွင်တည်ရှိသည့် SAC ၏ တပ်မ(၄၄) လက်အောက်ခံ ခြေမြန်တပ်ရင်း(၄၀၄)မှ လက်နက်ကြီး(၁၂၀မမ)ကို ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ အီးကြူခီးကျေးရွာအုပ်စုထဲသို့ ပစ်ခတ်ခဲ့သည်။ ထိုလက်နက်ကြီး (၁၂၀မမ)များအနက် တစ်လုံးမှာ ကျောင်းဆရာမ နော်စန်းစန်းဝင်း၏ အိမ်နားသို့ကျခဲ့ပြီး၊ သူမလည်း ထိခိုက်ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိခဲ့သည်။ ထို့ပြင် သူမ၏တစ်နှစ်အရွယ်သမီးလေးလည်း ဖြစ်ပျက်မှုနေရာတွင် တစ်ခါတည်းသေဆုံးခဲ့ရသည်။ ဆရာမစန်းစန်းဝင်းမှ သူမ၏အိမ်တွင် ထီးမေ့ကျန်ခဲ့သောကြောင့် သူမ၏ထီးကို ပြန်သွားယူစဥ် SAC မှပစ်ခတ်လိုက်သော လက်နက်ကြီးမှာ ကျောင်းနှင့် သူမ၏အိမ်အကြား ကျရောက်ရာနေရာတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်စဥ်ဖြစ်ပျက်ချိန်တွင် သူမသည် သူမ၏သမီးငယ်လေးနှင့်အတူ အိမ်ပြန်သွားသည့်အတွက် သူမတို့နှစ်ဦးလုံးကို လက်နက်ကြီး၏အပိုင်းအစများထိမှန်ခဲ့သည်။ ဆရာမစန်းစန်းဝင်းမှာ အသက်ရှိနေသေးသည့်အတွက် ဒေသခံရွာသားများမှ သူမအား ဘီလင်းဆေးရုံသို့ပို့ဆောင်ခဲ့သော်လည်း ဆေးရုံမရောက်ခင်လမ်းတွင်သေဆုံးခဲ့သည်။ ထိုဆရာမသည်အသက် ၂၅ နှစ်အရွယ်ရှိပြီး၊ သူမသည် ဝါးကတယ်ရွာတွင် စာသင်ကြားနေသောသူဖြစ်သည်။ ဒေသခံများ၏ တင်ပြချက်အရ (၆)လအတွင်း နကြီးတပ်နှင့် မယ်ပရိတပ်ရှိ SAC တပ်သားများသည် ဒေသခံများနေထိုင်ရာဒေသများသို့ မကြာခဏ လက်နက်ယမ်းသမ်းပစ်ခတ်မှုများကို ပြုလုပ်လေ့ရှိသည်။

မြိတ်–ထားဝယ်ခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်ပျက်မှုများအနက် ၂၀၂၂ခုနှစ်၊ဩဂုတ်လ ၂ရက်နေ့တွင် ကွယ်သေရွာရှိဒေသခံတစ်ဦးဖြစ်သည့် ဦးဆန်းထူးသည် SAC ၏လက်နက်ကြီး(၆၀ မမ)ထိမှန်၍ ပွဲချင်းပြီးသေဆုံးခဲ့သည်။ SAC ၏လက်နက်ကြီးကျည်ဆံသည် ဒေသခံရွာသားတစ်ဦး၏ ခြံထဲသို့ကျရောက်ခဲ့သော်လည်း တစ်ခါတည်းမပေါက်ကွဲခဲ့ပေ။ ထိုနေ့တွင် ဦးဆန်းထူးနှင့် အခြားဒေသခံ(၂)ဦးသည် နေ့စားအလုပ်ဖြစ်သည့် ဒေသခံတစ်ဦး၏ခြံကို ခုတ်ထွင်ရှင်းလင်းနေခဲ့ကြသည်။ ဦးဆန်းထူးသည် မြက်ခုတ်စက်ဖြင့် မြက်ခုတ်စဉ် မပေါက်ကွဲသေးသောကျည်ဆံတစ်လုံးကို ထိ/ခုတ်မိသည့်အတွက် ထိုကျည်ဆံမှာပေါက်ကွဲခဲ့ပြီးသူလည်း တစ်ခါတည်းပွဲချင်းပြီး သေဆုံးခဲ့သည်။ ဦးဆန်းထူးသည် အသက် ၄၀ နှစ်ရှိပြီး၊ သူ၏ဇနီးနှင့်ကလေးများကို ချန်ထားခဲ့သည်။

ထိုနည်းတူစွာ ဒူးပလာယာခရိုင်တွင်ဖြစ်ပွားခဲ့သည့် ဖြစ်ပျက်မှုများအနက် ဩဂုတ်လ ၁၅ ရက်နေ့ နံနက် ၁၁ နာရီချိန်တွင် KNLA နှင့် ပူးပေါင်းတပ်များသည် ကော့တရိမြို့ရှိ SAC ရဲစခန်းနှင့် SAC ဘဏ်ကို သွားရောက်တိုက်ခိုက်ခဲ့သည်။ KNLA နှင့် ပူးပေါင်းတပ်များ ပြန်လည်ဆုတ်ခွာခဲ့ချိန်တွင် SAC စစ်တိုင်း(၉၇)မှ ယောကုန်နယ်(ရန်ကုတ်နောင်နိုင်းကုန်း)၊ သာယာကုန်းနှင့် အောကောရွာများသို့ လက်နက်ကြီးများဖြင့် ယမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်နက်ကြီးများ ယမ်းသမ်းပစ်ခတ်ခဲ့မှုကြောင့် အောကောရွာရှိ ဒေသခံအမျိုးသား(၇၇)နှစ်အရွယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် အိမ်(၂)လုံးနှင့် ဆိုင်ကယ်(၂)စီးလည်း ထိခိုက်ပျက်စီးခဲ့သည်။ ထို့ပြင် လက်နက်ကြီးသုံးလုံးသည် ယောကုန်နယ် (ရန်ကုတ်နောင်နိုင်း)ရွာထဲရှိ အိမ်(၃)လုံးပေါ် ကျရောက်ခဲ့ပြီး၊ အိမ်ထဲရှိမိသားစု(၅)ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ (၂)နှစ်အရွယ်ကလေးတစ်ဦးမှာမူ ထိခိုက်ဒဏ်ရာပြင်းထန်သည့်အတွက် သေဆုံးခဲ့ရသည်။

မူတြော်ခရိုင်အတွင်းတွင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် နယ်ခြားစောင့်တပ် BGF တပ်ရင်း(၁၀၁၄) တပ်ရင်းမှူး ဘိုမောင်ချစ်မှ ၎င်းတပ်မှ ဘူးသိုမြို့နယ်၊ ထီးသဒေါ်ထာကျေးရွာအုပ်စု၊ တဃေခိုနှင့် တလအောခိုဒေသများတွင် လှုပ်ရှားမှုများပိုမိုလုပ်ဆောင်လာရန် အမိန့်ပေးခဲ့သည်။ ထိုအတွက်ကြောင့် ဒေသခံများ၏ကြောက်စိတ်အား ပိုမိုတိုးပွားလာစေသည့်အပေါ် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ဒေသခံများမှ ရွာပြင်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ဒေသခံရွာသားများ ထွက်ပြေးတိမ်းရှောင်ချိန်တွင် BGF စစ်သားများသည် ဒေသခံရွာသားများကို ပစ်ခတ်ခဲ့ကြသည်။ တလာအောရွာသားတစ်ဦးဖြစ်သည့် စောဖိုးဝို အသက် ၄၀ နှစ်တစ်ဦးသည် သူ၏ခါးတင်ပါးဘယ်ဘက်ခြမ်းကို ထိမှန်ခဲ့သည့်အတွက် ပွဲချင်းပြီးသေဆုံးခဲ့သည်။

ခလယ်လွိုထူခရိုင်တွင် ဖြစ်ပွားခဲ့သည့် မှုခင်းများအနက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် မူးမြို့နယ်၊ ရွှေကျင်အေးကျေးရွာအုပ်စု၊ တောင်စုရွာတွင်နေထိုင်သည့် နော်သူးလေဖောဆိုသူ ထွက်ပြေးတိမ်းရှောင်သူတစ်ဦးသည် သူမ၏ရွာသို့ပြန်လာစဉ်တွင် SAC မှပစ်ခတ်လိုက်သော လက်နက်ကြီးအပိုင်းအစဖြင့်ထိမှန်ခဲ့သည်။ သူမသည် တောင်စုရွာသို့ပြန်လာရခြင်းမှာ ဆန်ပြန်လာယူရန်ဖြစ်သည်။ သူမသည် ရွာထဲသို့ဝင်မည့် လမ်းမ၏လယ်ကွင်းပြင်တွင် လက်နက်ကြီးအပိုင်းအစဖြင့်ထိမှန်ခဲ့သည်။ လက်နက်ကြီးအပိုင်းအစမှာ သူမ၏ဂုတ်၊ တင်ပါးနှင့် ခြေထောက်တို့ကိုထိမှန်ခဲ့သည့်အတွက် ပွဲချင်းပြီးသေဆုံးခဲ့သည်။ လက်နက်ကြီးပစ်ခတ်ခဲ့သော SAC တပ်ရင်းမှာ နံ့သာကွင်းရွာတွင် ယာယီတပ်စွဲထားသည့် ခြေမြန်တပ်ရင်း(၃၅၁)ဖြစ်သည်။ ဤတပ်ရင်းကို ဦးစီးဦးဆောင်သည့် တပ်ရင်းမှူးမှာ လယ်ဒိုတပ်ရင်းရှိ တပ်ရင်းမှူးဇေယျာလင်းဖြစ်သည်။ နော်သူးလေဖော၏ခင်ပွန်းနှင့် ကလေး(၅)ဦး ကျန်ရစ်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ KHRG ၏မှတ်တမ်းပြုစုချက်များအရ SAC မှ ဒေသခံများရှိရာနေရာဒေသများသို့ လက်နက်ကြီးပစ်ခတ်မှုအကြိမ်ရေ (၁၀၀)နှင့်အထက်ရှိသည်။ ထိုအထဲတွင် မှုခင်းဖြစ်ပွားမှုအများဆုံးကြုံတွေ့ရသည့် ခရိုင်များမှာမူတြော်ခရိုင်နှင့် ခလယ်လွိုထူခရိုင်တို့ဖြစ်ပြီး ဒူးပလာနှင့် ဒူးသထူခရိုင်တို့လည်း ပါဝင်ခဲ့သည်။ မှုခင်းဖြစ်ပွားမှုအနည်းဆုံး ကြုံတွေ့ရသည့်ခရိုင်များမှာ တောအူးနှင့် မြိတ်–ထားဝယ်ခရိုင်တို့ဖြစ်သည်။ သို့သော် KHRG မှ မှတ်တမ်း၍မရခဲ့သော မှုခင်းဖြစ်ပွားမှုအရေအတွက်၊ လူနှင့်တိရိစ္ဆာန်ထိခိုက်သေဆုံးမှုနှင့်ဒဏ်ရာရရှိမှုများအပြင် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သောရသော ဒေသခံတို့၏ပိုင်ဆိုင်မှုများလည်းများစွာ ရှိနေအုံးမည်ဖြစ်သည်။




ဤဓာတ်ပုံသည် ၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်နေ့ ဒူးသထူခရိုင်၊ဘီးလင်းမြို့နယ်၊ ပယရောကျေးရွာအုပ်စု၊ လေးကေရွာသို့ SAC စစ်လေယာဉ်ဗုံးကြဲမှုကြောင့် မီးလောင်ပျက်စီးသွားခဲ့ရသည့် ဒေသခံများ၏အိမ်ဖြစ်သည်။ အိမ်စုစုပေါင်း(၁၀)လုံး မီးလောင်ပျက်စီးခဲ့ရသည်။ (ဓာတ်ပုံ–ဒေသခံရွာသား)



ဤဓာတ်ပုံသည် SAC မှ ဩဂုတ်လ ၈ ရက်နေ့၌ ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ကျော်စရိတ်ကျေးရွာအုပ်စု၊ လေးပေရွာသို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့သည့်အချိန်တွင် နော်ဝေမာ၏ဦးခေါင်းအား ထိမှန်ခဲ့သောပုံကိုဖော်ပြထားခြင်းဖြစ်သည်။ (ဓာတ်ပုံ–ဒေသခံရွာသား)

# zrf;qD;csKyfaESmifjcif; ay:wmqGJjcif; twif;t"r®
# zrf;qD;vrf;jyckdif;apjcif;ESifh vlom;'dkif;tjzpf toHk;jyKjcif;

SAC မှအာဏာသိမ်းပြီးသည့်နောက်ပိုင်း မြန်မာပြည်တွင်းရှိ နေရာအနှံ့အပြားတွင် လက်နက်ကိုင်ပဋိပက္ခများ ပိုမိုများပြားလာခဲ့ပါသည်။ သို့သော်လည်း ကရင်ပြည်နယ်အတွင်းရှိ KNU ထိန်းချုပ်နယ်မြေများအတွင်း တိုက်ပွဲဖြစ်ပွားပြီးသည့်အချိန်တိုင်း SAC နှင့် BGF စစ်သားများသည် ဆန္ဒပြအပြစ်မဲ့ပြည်သူများကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရွာသားများကိုပေါ်တာဆွဲခြင်း၊ လမ်းပြလုပ်ခိုင်းစေခြင်းနှင့် ပြည်သူများကို ၎င်းတို့နှင့်အတူသွားစေကာ လူသားဒိုင်းအဖြစ် အသုံးချကြပါသည်။ KHRG အစီရင်ခံစာတွင် တင်ပြထားသော SAC နှင့် BGF စစ်သားများသည် ရွာသားများကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပေါ်တာဆွဲခြင်း၊ လမ်းပြခိုင်းစေခြင်းနှင့် ရွာသားများကို စစ်ဝတ်စုံဝတ်ကိုဝတ်ခိုင်းကာ ၎င်းတို့၏ကြားတွင် သွားစေခြင်းဖြင့် လူသားဒိုင်းအဖြစ် အသုံးချသည် ဒူးသထူ (သထုံ)ခရိုင်အတွင်း ပိုမိုဖြစ်ပွားခဲ့ပြီး ဒူးပလာယာခရိုင်အတွင်းတွင်လည်း ဖြစ်ပွားခဲ့ပါသည်။

## ဒူးပလာယာခရိုင်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် မြန်မာစစ်တပ်နှင့် KNLA နယ်မြေတပ်ပေါင်းစုတို့နှစ်ခုကြား တွေ့ဆုံပြီးနောက် ခလည်တကိုတိုင် မြန်မာထိန်းချုပ်နယ်မြေတွင်း စစ်ပွဲဖြစ်ပွားခဲ့သည်။ များစွာသော SAC စစ်တပ်သားများ စုရုံးခဲ့ပြီး ရွာသားများအမည်မသိသော စစ်ကြောင်း တစ်ခုက စစ်ကြောင်းထိုးခဲ့ခြင်းဖြစ်သည်။ "သူတို့လမ်း...တက်လာသောအခါ ရွာသားများကိုလည်းဖမ်းစီးခေါ်ဆောင်ပြီးနောက် ကလေးနှင့်မိန်းမများကို ပြန်လည်လွှတ်ပေးခဲ့သည်။ သို့သော် အားကြီးသော ယောကျ်ားပေါင်း(၄၀)ကိုကား ဆက်လက်ဖမ်းစီးထားပြီး ဆန်နှင့် [လက်နက်]ကျည်ဆံများကို ထမ်းရွက်ခိုင်းလေသည်။ SAC စစ်သားများသည် ရွာသူရွာသားများ၏ ဖုန်းအားလုံးကိုလည်း သိမ်းဆည်းခဲ့သည်။ ရွာသားများမှာ အချို့က ခလည်ရွာသား၊ ကိုးတိုနဲ့ရွာသားနှင့်အခြားသောရွာသားများဖြစ်ကြသည်။ ရွာသားများအား ပစ္စည်းမသယ်ခိုင်မီ အမည်မသိသောဆေးတိုက်ပြီး ဤကဲ့ပြောသည်,"ကဲကဲမင်းတို့ဆန်နှင့် လက်နက်သယ်ရမယ် ဒါ့ကြောင့်ဒါစား" ဟုဆိုသည်။ အချို့ရွာသားများကစားသော်လည်း အချို့ကစစ်သားမတွေ့ခင် ထွေးထုပ်လိုက်ကြတယ်။ ရွာသားနှစ်ယောက်သုံးယောက်က စစ်သားတို့၏ကြားတွင် သွားရသည်။ ခလည်တကိုတိုင်အုပ်ချုပ်နယ်မြေ စစ်တပ်စခန်းကိုရောက်ပြီးနောက် SAC စစ်သားများ ပြန်လွှတ်ပေးလိုက်ပြီး ရွာသားများ၏ဖုန်းကိုလည်း ညနေ(၁၀)နာရီအချိန်တွင် ပြန်ပေးခဲ့သည်။

ထိုနည်းတူ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ခလည်တကိုတိုင်အုပ်ချုပ်နယ်မြေ စစ်တပ်စခန်းတွင် စစ်ပွဲနောက်တစ်ကြိမ်ထပ်မံဖြစ်ခဲ့ပါသည်။ စစ်ကောင်စီစစ်သားအယောက်(၇၀)ကနေ ရွာသားအယောက်(၄၀)ကို ထပ်မံဖမ်းဆည်းခဲ့လေသည်။ ထိုနောက် စစ်ကောင်စီစစ်သားများအတွက် ထမင်းချက်ခိုင်းလေသည်။ စစ်ကောင်စီစစ်သားများစားသုံးပြီးနောက် ၎င်းတို့၏စခန်းသို့ ပြန်သွားခဲ့သည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျိုက်ဒုံမြို့မှ ခလီတပ်စခန်းသို့သွားရောက်မည့် စစ်ကောင်စီတပ်ဖွဲ့သည် ကော်သနော‌ကျေးရွာသို့ ရောက်ရှိလာခဲ့သည်။ ကောသနောရွာတွင် ရောက်ရှိပြီးနောက် စစ်ကောင်စီတပ်ဖွဲ့သည် ဧ---ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများကို ၎င်းတို့အားလာရောက်တွေ့ဆုံရန် အမိန့်ပေးခဲ့သည်။ သို့သော်လည်း ဧ---ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများသည် ၎င်းတို့အား ကြောက်ရွံ့သောကြောင့် သွားရောက်တွေ့ဆုံ၍ မရဲဘဲရွာသားများအားလုံးနီးပါးသည် ၎င်းတို့ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ထို့ကြောင့် စစ်ကောင်စီစစ်သားများသည် အဝေးကနေ၍ ဧ---ကျေးရွာအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ စုစုပေါင်း လက်နက်ကြီး(၉)လုံးပစ်ခတ်ခဲ့ကြောင်း သိရှိခဲ့ရသည်။ ထို့နောက် စစ်သားဦးရေ(၈၇)ခန့်လောက်ရှိသည့် ထိုစစ်ကောင်စီတပ်ဖွဲ့သည် ဧ---ကျေးရွာသို့ ဝင်ရောက်လာပြီး သေနတ်များရမ်းသန်းပစ်ခတ်ခဲ့၍ ရွာသားများပိုင်ဆိုင်သည့် တိရိစ္ဆာန်များ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ ပိုက်ဆံ၊ ရွှေနှင့် စားစရာများ စသည့် ၎င်းတို့လိုအပ်သည့်အရာများကို ခိုးယူခဲ့သည်။ စစ်ကောင်စီစစ်သားများသည် ဧ---ကျေးရွာတွင် တစ်ညအိပ်ခဲ့ပြီးနောက်မနက်ပိုင်းတွင် ၎င်းတို့သည် ကျေးရွာဘုန်းကြီးကျောင်းတွင်နေထိုင်သော ရွာသားတစ်ဦးကိုဖမ်းဆီးခဲ့သည်။ စစ်ကောင်စီတပ်သားများသည် ၎င်းတို့သွားချင်သည့်နေရာသို့ ပို့ဆောင်ပေးရန်အတွက် ထိုရွာသားအား လမ်းပြအဖြစ်သော်လည်းကောင်း၊ လူသားဒိုင်းသဖွယ်အဖြစ်သော်လည်းကောင်း ခိုင်းစေခဲ့သည်။ စစ်ကောင်စီစစ်သားများသည် ခလီတပ်စခန်းသို့ရောက်ရှိပြီး နှစ်ရက်နေထိုင်ခဲ့ပြီးနောက် ပြန်လာခဲ့သည်။ ၎င်းတို့ပြန်လာသည့်အချိန်တွင် ၎င်းတို့နှင့် ၎င်းတို့၏လက်နက်ခဲယမ်းများကို ကျိုက်ဒုံမြို့သို့ ထော်လာဂျီသုံးစီးဖြင့် ပြန်ပို့ဆောင်ပေးရန်အတွက် ဧ---ရွာသားငါးဦးကို ခိုင်းစေခဲ့ပြန်သည်။ ထို့နောက်ရွာသားများသည် ၎င်းတို့အား ကျိုက်ဒုံမြို့သို့ပြန်ပို့ပြီးနောက် တဖန်ရွာသားများသည် ၎င်းတို့စားနပ်ရိက္ခာများကို မဲကာတပ်စခန်းသို့ သယ်ယူပို့ဆောင်ခဲ့ရပြန်သည်။

## ဒူသထူးခရိုင်

နတ်ကြီးတပ်စခန်းနှင့် မဲ့ပရီးတပ်စခန်းတို့ကြား စစ်ကောင်စီ၏ စစ်လှုပ်ရှားမှုများ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီနှင့် BGF တပ်ဖွဲ့များသည် နတ်ကြီးတပ်စခန်းနှင့် မဲ့ပရီးတပ်စခန်းတို့ကြားရှိ ကားလမ်းမတစ်လျှောက်တွင် အမြဲတမ်းလိုလို စစ်လှုပ်ရှားမှုများ

ပြုလုပ်နေလျှက်ရှိသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလနှင့် မေလအတွင်းတွင် ဒေသခံ KNLA စစ်သားများသည် စစ်ကောင်စီတပ်သားများ၏ စစ်လှုပ်ရှားမှုများကို ဝင်ရောက်နှောက်ယှက်ခြင်း မရှိသေးပေ။ သို့သော်လည်း ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ စစ်ကောင်စီနှင့် KNLA တို့ကြား ပဋိပက္ခစတင်ဖြစ်ပွားခဲ့သည်။ အကြောင်းမှာ ဒေသခံ KNLA စစ်သားများသည် ၎င်းတို့နယ်မြေလုံခြုံရေးအတွက် စစ်ကောင်စီတပ်ဖွဲ့အား စတင်တိုက်ခိုက်လာခဲ့ခြင်းဖြစ်သည်။ နတ်ကြီးတပ်စခန်းနှင့် မဲ့ပရီးခီးတပ်စခန်းတို့တွင် အခြေစိုက်နေထိုင်ကြသည့် စစ်ကောင်စီစစ်တပ်နှင့် BGF တို့သည် ထိုတပ်စခန်းနှစ်ခုကြားတစ်လျှောက်တွင် သွားလာလှုပ်ရှားသည့်အချိန်တိုင်းတွင် ရွာသားများကို လမ်းတွင်တွေ့ရှိပါက ဖမ်းဆီးခြင်း၊ ရွာထဲဝင်၍လည်း ရွာသားများကို ဖမ်းဆီးခြင်းများပြုလုပ်ခဲ့သည်။ KNLA စစ်သားများမှ ၎င်းတို့အားပစ်ခတ်တိုက်ခိုက်၍မရအောင် ထိုဖမ်းဆီးခံရသည့်ရွာသားများကို လူသားဒိုင်းသဖွယ်အသုံးပြု၍ ၎င်းတို့သွားသည့်နေရာတိုင်းတွင် လိုက်လံခေါ်ဆောင်သွားခဲ့ကြသည်။ အကယ်၍ KNLA စစ်သားများမှ ၎င်းတို့အားပစ်ခတ်တိုက်ခိုက်မည်ဆိုပါက ထိုရွာသားများကို လူသားဒိုင်းအဖြစ် အကာအကွယ်ယူ၍ အသုံးပြုခြင်းဖြစ်သည်။ ဒေသအတွင်း KHRG နှင့် ရွာသားများမှလက်လှမ်းမီသလောက် မှတ်တမ်းပြုစုခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

အလားတူစွာ ၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်နေ့ ညနေ(၃)နာရီအချိန်တွင် မဲပရီခီးတပ်စခန်းတွင် အခြေစိုက်သော စစ်ကောင်စီခြေမြန်တပ်မ(၄၄)နှင့် BGF စစ်သားများသည် နတ်ကြီးတပ်စခန်းသို့ ပြန်လာခဲ့သည်။ အီစူခီးကျေးရွာမရောက်ခင်အချိန် ၎င်းတို့ပြန်လာသည့် လမ်းတွင် ရွာသားနှစ်ဦးကိုတွေ့ရှိပြီး ၎င်းတို့ကိုကြိုးတုပ်၍ ဖမ်းဆီးခဲ့သည်။ ထိုမျှမက စစ်ကောင်စီနှင့် BGF စစ်သားများသည် အီစူခီးကျေးရွာသို့ ရောက်ရှိသည့်အခါတွင် ကျေးရွာအတွင်း ရွာသားများပိုင်ဆိုင်သောဆန်နှင့် စားစရာများ၊ အိမ်အသုံးအဆောင်ပစ္စည်းများကို ခိုးယူဆောင်၍သော်လည်းကောင်း၊ ထွက်ပြေး၍မလွတ်သော အမျိုးသားရွာသားတစ်ဦးကို ဖမ်းဆီးမှုပြုလုပ်ခဲ့သည်။ ထို့နောက် BGF စစ်သားတစ်ဦးသည် ထိုရွာသားတစ်ဦးအားထိုးနှက်ပြီး လူသားဒိုင်းသဖွယ်အသုံးပြု၍ ၎င်းတို့နောက်သို့လိုက်ခိုင်းရန် ခေါ်ဆောင်ခဲ့သည်။ တရေးလုနေရာတွင် ၎င်းတို့ရောက်ရှိသည့်အချိန်တွင် ထိုရွာသားအားလွှတ်ပေးခဲ့သည်။ သို့သော်လည်း လမ်းတွင်၎င်းတို့ဖမ်းဆီးခဲ့သည့်ရွာသားနှစ်ဦးကို မလွှတ်ပေးသေးဘဲ နတ်ကြီးတပ်စခန်းအထိ ခေါ်ဆောင်သွားပြီးနောက်မှသာ လွှတ်ပေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် စစ်ကောင်စီခြေမြန်တပ်ရင်းအမှတ်ခမရ(၄၀၃)နှင့် BGF တပ်ရင်းအမှတ်(၁၀၁၁)သည် ရွာသားများကို ဖမ်းဆီးခဲ့သည်။ သို့သော် ရွာသားများဘယ်နှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း မသိရှိရပါ။ ၎င်းတို့က ထိုရွာသားများကို လူသားဒိုင်းသဖွယ်အသုံးပြု၍ ခိုင်းစေခဲ့သည်။ အဖမ်းဆီးခံရသည့်ရွာသားများထဲတွင် အီစူခီးရွာသား(၄)ဦးနှင့် ဝါ့ကတဲရွာသား(၄)ဦး ပါဝင်သည်။ တစ်ခြားနေရာသို့ရောက်ရှိသောအခါတွင် စစ်ကောင်စီနှင့် BGF စစ်သားများသည် ရွာသားများကို လွှတ်ပေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် မဲပရီးတပ်စခန်းတွင် အသစ်ရောက်ရှိလာသည့် စစ်ကောင်စီနှင့် BGF စစ်သားများသည် နတ်ကြီးတပ်စခန်းသို့ ပြန်အလာတွင် အီစူခီးကျေးရွာသို့ဝင်ရောက်၍ အမျိုးသားရွာသား(၉)ဦးကို ဖမ်းဆီးခဲ့သည်။ ထိုရွာသား(၉)ဦးသည် ကျေးရွာမှထွက်ပြေး၍မလွတ်သောကြောင့် အဖမ်းဆီးခံရခြင်းဖြစ်သည်။ စစ်ကောင်စီနှင့် BGF စစ်သားများသည် ထိုရွာသားများကို လူသားဒိုင်းအဖြစ်အသုံးပြု၍ ၎င်းတို့နောက်သို့လိုက်ပါစေပြီး နတ်ကြီးတပ်စခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ အဆိုပါရွာသားများသည် စစ်ကောင်စီနှင့် BGF စစ်သားများနောက်သို့ လိုက်ပါရသည့်အတွက်ကြောင့် KNLA စစ်သားများသည် ရွာသားများ၏လုံခြုံရေးအတွက် စစ်ကောင်စီနှင့် BGF စစ်သားများကို ပစ်ခတ်၍မရဘဲဖြစ်နေသည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် စစ်ကောင်စီစစ်သားများသည် ရွာသား(၉)ဦးကို လွှတ်ပေးခဲ့သည်။

တဖန် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် အသစ်ရောက်ရှိလာသောစစ်ကောင်စီနှင့် BGF စစ်သားများသည် နတ်ကြီးတပ်စခန်းသို့ သွားနေသည့်အချိန်တွင် လမ်းဘေးရှိယာတဲထဲတွင် ပုန်းခိုနေသော ရွာသား(၄)ဦးကိုတွေ့ရှိခဲ့ပြီး ၎င်းတို့အား ဖမ်းဆီးခဲ့သည်။ ထို့အပြင်ရွာသားများ၏ ခေးမတစ်လက်နှင့် နာရီတစ်လုံးကို အဓမ္မယူခဲ့သည်။

## နတ်ကြီးတပ်စခန်း၊ သာဝေါ်ပလေတပ်စခန်းနှင့် လေးကေတပ်စခန်းတို့ကြား စစ်ကောင်စီ၏စစ်လှုပ်ရှားမှု

၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စစ်ကောင်စီနှင့်ဗိုလ်မောင်ချစ်ဦးဆောင်သော BGF တပ်ရင်းအမှတ်(၁၀၁၄)လက်အောက်ခံဖြစ်သည့် တပ်ခွဲမှူးဗိုလ်ထိန်ဝင်းဦးဆောင်သော တပ်ခွဲ(၂)တို့သည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်ရှိ သာဝေါ်ပလေတပ်စခန်းနှင့် ဒူသထူးခရိုင်၊ ဘားအံမြို့နယ်ရှိ ပလောဖိုးတိုတပ်စခန်းတို့မှ ထွက်ခွာလာခဲ့သည်။ ထို့နောက် ၎င်းတပ်ဖွဲ့များသည် ဒူသထူးခရိုင်၊ ဘီးလင်းမြို့နယ်၊ လေးကေတပ်စခန်းသို့ သွားရောက်ခဲ့သည်။ လေးကေတပ်စခန်းသို့ ၎င်းတို့သွားရသည့်ရည်ရွယ်ချက်မှာ ထိုတပ်စခန်းတွင် တပ်အင်အားဖြည့်ရန် သွားရခြင်းဖြစ်သည်။ ထိုနေ့တွင်လည်း စစ်ကောင်စီနှင့် BGF စစ်သားများသည် ၎င်းတို့တပ်စခန်းအပြင်ဖက်သို့ထွက်၍ ရွာသားများ(၁၀၀)ခန့်ကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် ဘားအံမြို့နယ်၊ ဝဲပြာကျေးရွာအုပ်စု၊ ဝဲပြာကျေးရွာရှိ မင်္ဂလာဆောင်ပွဲတစ်ခုတွင် အချို့ရွာသားများကို ဖမ်းဆီးခဲ့ပြီး အချို့ရွာသားများကိုမူ ကိုရင်တက်ပွဲတစ်ခုတွင် ဖမ်းဆီးခဲ့သည်။ အဖမ်းဆီးခံရသည့်ရွာသားတစ်ချို့သည် တခေါဖိုးကျေးရွာအုပ်စုမှရွာသားများလည်း ရှိသည်။ အချို့ရွာသားများသည် ၎င်းတို့အားပြန်လွှတ်ပေးရန်အတွက် စစ်ကောင်စီနှင့် BGF တို့ကို ငွေတစ်သိန်းကျပ်ပေးဆောင်ရပြီး တစ်ချို့လည်း ငွေနှစ်သိန်းကျပ်ပေးဆောင်ရသည်။ ထိုအတွက်ကြောင့် ရွာသားအချို့သည် ပြန်လွှတ်လာခဲ့သည်။ သို့သော်လည်း စစ်ကောင်စီနှင့် BGF တို့သည်ရွာသား(၄၀)ခန့်ကို ပြန်မလွှတ်ခဲ့ပေ။ အကြောင်းမှာ ၎င်းတို့သည် ထိုရွာသားများပေးသည့်ငွေကိုမယူတော့ဘဲ ဖြစ်နေသောကြောင့်ဖြစ်သည်။ ၎င်းတို့ကရွာသားများကို ပိုက်ဆံမလိုတော့ဘူးဟု ပြောခဲ့သည်။ ၎င်းတို့က ပြန်မလွှတ်ပေးသည့်ရွာသားများကို ၎င်းတို့နောက်သို့လိုက်ပါသွားပြီး လေးကေတပ်စခန်းသို့ပို့ပေးရန် အဓမ္မခိုင်းစေခဲ့သည်။ မေလ ၅ ရက်နေ့တွင် စစ်ကောင်စီနှင့် BGF စစ်သားများသွားလာနေသည့်အချိန်တွင် လမ်းတွင်၎င်းတို့တွေ့သမျှရွာသားများကိုဖမ်းဆီးခဲ့ပြီး ၎င်းတို့နောက်သို့ လိုက်သွားရန်ခိုင်းစေခဲ့ပြန်သည်။ မေလ ၆ ရက်နေ့တွင် စစ်ကောင်စီနှင့် BGF စစ်သားများသည်

ရွာသား(၄၀)နှင့်အတူ ဘီးလင်းမြို့နယ်၊ ဖျာဝေါ်ကျေးရွာအုပ်စု၊ နို့လော်ပလောကျေးရွာအနီးတွင် ရောက်ရှိလာခဲ့ပြီး ထိုတွင် တစ်ညအိပ်စက်ခဲ့သည်။ မေလ ၇ ရက်နေ့တွင် ၎င်းတို့သည် ဘီးလင်းမြို့နယ်၊ လန်ခလေ့ကျေးရွာတွင် ရောက်ရှိခဲ့သည်။ ထိုတွင် ဒေသခံ KNDO စစ်သားများနှင့် ထိပ်တိုက်တွေ့ဆုံ၍ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားချိန်တွင် စစ်ကောင်စီစစ်သားများသည် လန်ခလေ့ကျေးရွာအနီးတစ်ဝိုက်တွင် လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ မပေါက်ကွဲသည့် လက်နက်ကြီးများအချို့လည်းရှိသည်။ ထို့ကြောင့် ရွာသားများအတွက် ၎င်းတို့စိုက်ပျိုးခြံထဲတွင် သွားလာလုပ်ကိုင်ရန် ကြောက်ရွံ့မှုများ ရှိခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီနှင့် BGF စစ်သားများသည် ကျေးရွာအတွင်းသို့ဝင်ရောက်လာပြီး ရွာသားများပိုင်ဆိုင်သော စာနပ်ရိက္ခာများ၊ ပစ္စည်းဥစ္စာများ၊ ရွှေ၊ ငွေနှင့် ဖုန်းများကိုအဓမ္မယူဆောင်ခဲ့သည်။ ထို့နောက် ၎င်းတို့သည် ရွာသားများကို ကျေးရွာဘုန်းကြီးကျောင်းတွင်စုဝေးခေါ်ယူပြီး အားကောင်းသန်မာသည့် အမျိုးသား(၂၂)ဦးကို ၎င်းတို့နောက်သို့လိုက်ပါသွားရန် ရွေးယူခဲ့သည်။ ထိုအထဲတွင် အသက်မပြည့်သေးသည့် ကလေး(၄)ဦးပါဝင်သည်။ လမ်းတွင် စစ်ကောင်စီနှင့် BGF စစ်သားများသည် ရွာသားများကိုထပ်မံ၍ ဖမ်းဆီးခဲ့သည်။ ဒေသခံရွာသားများက ထိုအဖမ်းဆီးခံရသည့် ရွာသားများသည် အယောက်(၁၀၀)ခန့်ရှိသည်ဟု ခန့်မှန်းယူဆခဲ့သည်။ အဖမ်းဆီးခံရသည့်ရွာသားတစ်ချို့သည် စစ်ကောင်စီစစ်သားများ၏ စစ်ယူနီဖောင်းကို ဝတ်ဆင်ခဲ့ရသည်။ လေးကေတပ်စခန်းသို့ရောက်ရှိသည့် ရက်သည် ၂၀၂၂ ခုနှစ်၊ မေလ(၇)ရက် သို့မဟုတ် (၈)ရက်ဖြစ်သည်။ စစ်ကောင်စီနှင့် BGF စစ်သားများသည် အဖမ်းဆီးခံရသည့်ရွာသားများကို လေးကေတပ်စခန်းတွင်ထားရှိသည့်အချိန်တွင် ရွာသားနှစ်ဦးထွက်ပြေးခဲ့သည်။ ၎င်းတို့ထွက်ပြေးသည့်အချိန်တွင် စစ်ကောင်စီနှင့် BGF စစ်သားများသည် ၎င်းတို့ကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ စစ်ကောင်စီနှင့် BGF စစ်သားများသည် အဖမ်းဆီးခံရသည့်ရွာသားများကို လေးကေတပ်စခန်းတွင် ရက်(၂၀)ခန့် ချုပ်နှောင်ထားခဲ့သည်။ ထို့နောက် စစ်ကောင်စီစစ်သားများသည် ၎င်းတို့တပ်စခန်းသို့ ပြန်သွားသည့်အချိန်တွင်လည်း ထိုဖမ်းဆီးခံရသည့်ရွာသားများကို ပြန်ခေါ်၍ ၎င်းတို့နောက်သို့လိုက်ပါစေခဲ့သည်။ စစ်ကောင်စီနှင့် BGF စစ်သားများသည် ၎င်းတို့တပ်စခန်းသို့ ရောက်ရှိသည့်အခါတွင် ၎င်းစစ်သားများကို ပန်းကုံးစွပ်၍ ဂုဏ်ပြုပွဲ ပြုလုပ်ခဲ့သည်။ ထို့နောက် မေလ ၂၅ ရက်နေ့တွင် အဖမ်းဆီးခံရသည့်ရွာသားများကို လွှတ်ပေးခဲ့ပြီး တစ်ဦးကို ငွေကျပ်တစ်သိန်းခွဲပေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် စစ်ကောင်စီတပ်မ(၄၄) လက်အောက်ခံဖြစ်သည့် ခြေမြန်တပ်ရင်းအမှတ်(၂၀၇ နှင့် ၁၀၂)နှင့် ခြေလျင်တပ်ရင်းအမှတ်(၂)တို့မှ စစ်ကြောင်း(၃)ကြောင်းသည် နတ်ကြီးတပ်စခန်းမှထွက်ခွာလာပြီး လေးကေတပ်စခန်းကို စစ်အင်အားဖြည့်ဆီးရန်အတွက် ဒူသထူးခရိုင်၊ ဘီလင်းမြို့နယ်အတွင်း KNU အုပ်ချုပ်သည့်ဒေသသို့ ဝင်ရောက်လာခဲ့သည်။ စစ်ကောင်စီတပ်ဖွဲ့များသည် ၎င်းတို့စစ်သည်အင်အား(၃၀၀)ခန့်ရှိသည်။ KNLA စစ်သားများက ၎င်းတို့အား မပစ်ခတ်နိုင်စေရန် KNLA စစ်သားများကိုရှောင်၍ တောလမ်းကိုရွေးချယ်ပြီး ခရီးသွားခဲ့သည်။ ၎င်းတို့ခရီးသွားနေသည့် အချိန်အတွင်း ကျေးရွာများအတွင်းသို့ဝင်ရောက်၍ ရွာသားများ၏ဆန်ကိုခိုးယူ၍သော်လည်းကောင်း၊ အဓမ္မတောင်းယူ၍သော်လည်းကောင်း ပြုလုပ်ခဲ့သည့်အပြင် ရွာသားများ၏ ကြက်၊ ဘဲနှင့် စားစရာများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်း ယူဆောင်ခဲ့သည်။ ထို့အပြင် ရွာထဲတွင် ရွာသားများကို ဖမ်းဆီးခဲ့သည်သာမက လမ်းခရီးတွင်လည်း ၎င်းတို့မြင်သည့်ရွာသားများနှင့် CDM သမားသုံးဦးလည်း ဖမ်းဆီးခဲ့သည်။ စုစုပေါင်းရွာသားများကို ၂၄ ဦး ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီစစ်သားများသည် ထိုအဖမ်းဆီးခံရသောရွာသားများကို ပေါ်တာအဖြစ်ခိုင်းစေ၍ ၎င်းတို့၏လက်နက်ခဲယမ်းများ၊ ၎င်းတို့အဓမ္မယူဆောင်ခဲ့သည့် ရွာသားများ၏စားနပ်ရိက္ခာများနှင့် ပစ္စည်းများကို သယ်ယူပို့ဆောင်ခိုင်းခဲ့သည်။ ရွာသားများကိုလည်း လမ်းကိုရှင်းလင်းခိုင်းစေပြီး လူသားဒိုင်းသဖွယ်အသုံးပြုခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် စစ်ကောင်စီစစ်ကြောင်း(၃)ကြောင်းသည် အီစူခီးကျေးရွာအုပ်စုသို့ ရောက်ရှိလာခဲ့သည်။ ဇွန်လ ၂၀ ရက်နေ့တွင် ကျေးရွာတွင်းသို့ဝင်ရောက်လာပြီး ရွာသားများ၏ ဆန်များကိုခိုးယူခြင်း၊ အဓမ္မယူဆောင်စားသုံးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင်ရွာသားများ၏ ကြက်၊ ဘဲနှင့် စားစရာများ၊ အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်း ယူဆောင်ခဲ့သည်။ ထို့နောက် အီစူခီးကျေးရွာသားအမျိုးသား(၄)ဦးကို ဖမ်းဆီး၍ ၎င်းတို့နောက်သို့လိုက်ရန် ခိုင်းစေခဲ့သည်။

ထိုနည်းတူစွာ ဇွန်လ ၂၂ ရက်နေ့တွင် စစ်ကောင်စီစစ်ကြောင်း(၃)ကြောင်းသည် ပေါ်ခီးလမ်းမပေါ်သို့ရောက်ရှိသည့်အချိန်တွင် ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စုရှိ တာအူခီးရွာသားတစ်ဦးနှင့် တာအူနီရွာသားနှစ်ဦးကို ဖမ်းဆီးခဲ့သည်။ ထို့အပြင် CDM သမား(၃)ဦးကိုလည်း ဖမ်းဆီးခဲ့သည်။ ဇွန်လ ၂၂ ရက်နေ့ ညနေပိုင်းတွင် တာအူနီကျေးရွာသားနှစ်ဦး ထွက်ပြေးလွတ်မြောက်ခဲ့သည်။ တာအူခီးရွာသားတစ်ဦးကိုတော့ ကြိုးဝိုင်းကျေးရွာတွင်ရောက်ရှိမှသာ စစ်ကောင်စီစစ်သားများမှ ၎င်းအား လွှတ်ပေးခဲ့သည်။

ဇွန်လ ၂၄ ရက်နေ့ ညနေပိုင်းတွင် စစ်ကောင်စီစစ်ကြောင်း(၃)ကြောင်းသည် ဘီးလင်းမြို့နယ်၊ ကြိုးဝိုင်းကျေးရွာအုပ်စု၊ ကြိုးဝိုင်းကျေးရွာသို့ရောက်ရှိလာခဲ့ပြီး ကြိုးဝိုင်းရွာသားနှစ်ဦးအပြင် ကြိုးဝိုင်းရွာတွင် ဘားအံမြို့နယ်၊ တလဲကရေးရွာမှ အလည်လာသည့်ရွာသားတစ်ဦးကိုလည်း ဖမ်းဆီးခဲ့သည်။ ဇွန်လ ၂၅ ရက်နေ့တွင် စစ်ကောင်စီစစ်ကြောင်း(၃)ကြောင်းသည် ပရယောကျေးရွာအုပ်စု၊ ပရယောရွာမှ ရွာသားသုံးဦးကို ဖမ်းဆီးခဲ့သည်။ ထိုသုံးဦးတွင် အသက်မပြည့်သေးသည့် ကလေးတစ်ဦးပါဝင်သည်။ စစ်ကောင်စီတို့မှ လေးကေတပ်စခန်းသို့ ရောက်ရှိသည့်အချိန်မှသာ ထိုရွာသားများအား လွှတ်ပေးခဲ့သည်။

လေးကေတပ်စခန်းသို့ ရောက်ရှိသည့်အချိန်တွင် စစ်ကောင်စီစစ်သားများသည် အချို့ရွာသားများကို လွှတ်ပေးခဲ့ပြီး အချို့ရွာသားများကိုတော့ မလွှတ်ပေးခဲ့ပေ။ မလွှတ်ပေးခဲ့သော ရွာသားအချို့မှာ ကြိုးဝိုင်းရွာ၊ မြစ်ကျွန်းရွာ၊ တလဲကရေးရွာနှင့် အခြားသောရွာများမှ ရွာသားများ ဖြစ်ကြသည်။ စစ်ကောင်စီစစ်သားများသည် လေးကေတပ်စခန်းတွင် နှစ်ရက်နေထိုင်ခဲ့ပြီး မြိုင်ကြီးငူဒေသဖက်သို့ ပြန်သွားခဲ့သည်။ ဇွန်လ ၂၇ ရက်နေ့တွင် ၎င်းတို့သည် ခေါဖိုးပလက်ကျေးရွာသို့ရောက်ရှိလာပြီး ဒေသခံရွာသားသုံးဦးနှင့် မူတြော်ခရိုင်၊ တာဒိုထကျေးရွာမှ ညှော့သည့်ရွာသားတစ်ဦးကိုဖမ်းဆီး၍ ၎င်းတို့နောက်သို့လိုက်ပါပေးရန် ခိုင်းစေခဲ့သည်။

စာမျက်နှာ ၁၀ သို့ ▶▶ ▶▶

# ပြည်တွင်းစစ်ဘေးရှောင်များ၏အခြေနေ

ဤခြောက်လတာကာလအတွင်း ဘားအံခရိုင်မှလွဲ၍ အခြားသောခရိုင်(၆)ခရိုင်အားလုံးတွင် ရွာသားများသည် ၎င်းတို့ရွာများမှ တိမ်းရှောင်ရသည့်အခြေအနေများနှင့်ပတ်သတ်၍ KHRG မှသတင်းလက်ခံရရှိခဲ့သည်။ ကရင်ပြည်နယ်ရှိရွာသားအများစုမှာ တိုက်ပွဲများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် ၎င်းတို့ဒေသမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းဖြစ်သည်။ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ လုံခြုံရေးအခြေအနေကြောင့် ရွာသားအများစုမှာ ၎င်းတို့ရွာသို့မပြန်နိုင်သေးဘဲ ရှိနေသည်။ သို့သော်လည်း မိမိရပ်ရွာသို့ပြန်လာနေထိုင်နိုင်ကြသည့် တစ်ချို့ရွာသားများလည်းရှိသည်။ မည်သို့ပင်ဖြစ်စေ လုံခြုံရေးအခြေအနေကြောင့် သော်လည်းကောင်း၊ လမ်းခရီးသွားလာခက်ခဲမှုအရသော်လည်းကောင်း အစရှိသည့်အခြေအနေအမျိုးမျိုးကြောင့် ကရင်ပြည်နယ်ရှိစစ်ဘေးရှောင်ရွာသားများဦးရေအတိအကျကို ရယူသိရှိရန်မလွယ်ကူပါ။

အထူးသဖြင့် ကျေးလက်နေဒေသများရှိ စစ်ဘေးရှောင်ရွာသားများသည် စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေရပြီး စားဝတ်နေရေးပြဿနာများအား ပို၍ရင်ဆိုင်ကြုံတွေ့နေရသည်။ အဓိကအကြောင်းရင်းတစ်ခုမှာ ဒေသအတွင်းတိုက်ပွဲ မကြာခဏဖြစ်ပွားခြင်းနှင့် လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်မှုကြောင့် ၎င်းတို့ရပ်ရွာသို့ပြန်လာပြီး အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ကိုင်ရန် အဆင်မပြေသောကြောင့် ဖြစ်သည်။ ဥပမာအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း ခလယ်လွီထူခရိုင်၊ မူးမြို့နယ်တွင် လက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ထောင်ချီသည့်ရွာသားများ ၎င်းတို့ရပ်ရွာများမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဤအခြေအနေနှင့်ပတ်သတ်၍ ခလယ်လွီထူခရိုင်မှ KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ယခုလိုပြောပြခဲ့သည်။ “အစကတော့ရွာသားတွေထင်တာက တိုက်ပွဲကခဏပဲကြာမယ်။ ဒါပေမဲ့ SAC စစ်သားတွေနဲ့ KNLA တပ်ဖွဲ့ကြားမှာ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်းမှာ SAC စစ်သားတွေက ကျေးရွာတွင်မှာဝင်ရောက်လာပြီး လက်နက်ကြီးတွေပစ်ခတ်ခဲ့တယ်။ အဲဒါကြောင့်ရွာသားတွေက သူတို့ရွာကိုမပြန်ရဲကြဘူး။” အလားတူစွာ ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ခရွဲကျေးနယ်တွင်လည်း ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ခမရ(၂၀၇)မှ မကြာခဏ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ရသည့် ရွာသားများသည် လွတ်လပ်စွာလုပ်ကိုင်စားသောက်၍မရသည့်အတွက် စားဝတ်နေရေးအခက်အခဲများနှင့် ကြုံတွေ့နေရသည်။

တစ်ချို့သောဒေသများတွင် SAC မှ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုကြောင့် ရွာသားများ၏ ကျွဲ၊ နွားတိရိစ္ဆာန်များနှင့် တစ်ခြားသောပိုင်ဆိုင်မှုများ သေကြေပျက်စီးခဲ့ရသည်။ ထို့အပြင် SAC တပ်သားများသည် စစ်ဘေးရှောင်ရွာသားများ၏ နေအိမ်များတွင် စားစရာနှင့် တန်ဖိုးရှိပစ္စည်းများကိုလည်း ဖောက်ထွင်းခိုးယူခဲ့သည်။ တစ်ချို့သောကျေးရွာများတွင်လည်း SAC စစ်သားများတည်ရှိနေခြင်းကြောင့် စစ်ဘေးရှောင်ရွာသားများသည် မိမိကျေးရွာသို့ပြန်လာ၍ စားနပ်ရိက္ခာများယူဆောင်ရန်အတွက် လုံခြုံမှုမရှိဟု ခံစားခဲ့ရသည်။ ခလယ်လွီထူခရိုင်မှ KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ယခုလိုရှင်းပြခဲ့သည်။ “စစ်ဘေးရှောင်ရွာသားတွေဟာ သူတို့ရွာကိုပြန်လာပြီး စားစရာယူသွားဖို့ အဆင်မပြေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗမာစစ်သားတွေက ရွာထဲမှာရှိနေတယ်လေ။ ရွာထဲကိုပြန်လာရင် (SAC တွေက) သူတို့ကိုဖမ်းဆီးပြီး ရိုက်နှက်နှိပ်စက်မှာကြောက်ကြတယ်။ အဲဒါကြောင့် စားစရာတွေယူဖို့ သူတို့ရွာကိုမပြန်လာရဲကြဘူး။” ဤအခြင်းအရာများကြောင့် စစ်ဘေးရှောင်ရွာသားများအများစုသည် စားနပ်ရိက္ခာများပြတ်လပ်မှုနှင့် စားဝတ်နေရေးအခက်အခဲများကို ရင်ဆိုင်နေရသည်။

စစ်ဘေးရှောင်ရွာသားများသည် ကျန်းမာရေးပြဿနာများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရသည်။ အထူးသဖြင့် တောထဲ၊ တောင်ထဲတွင် ထွက်ပြေးတိမ်းရှောင်နေရသည့်ရွာသားများသည် လိုအပ်သည့်ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမှီနိုင်ခြင်းမရှိပေ။ မိုးရာသီကာလတွင် အများအားဖြင့် စစ်ဘေးရှောင်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများသည် အအေးမိဖျားနာခြင်းနှင့် ငှက်ဖျားရောဂါများကို ခံစားကြရသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်ရှိ မီးဖွားပြီးကာစ တစ်ချို့သောစစ်ဘေးရှောင်မိခင်များသည် စားနပ်ရိက္ခာနှင့်ဆေးဝါးများ လုံလောက်စွာမရှိသည့်အတွက် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်နေရသည်။

အထက်တွင်ဖော်ပြသည့်အတိုင်း တိုက်ပွဲကြောင့်၊ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများအပါအဝင် ကလေး၊ လူငယ်များလည်း မကြာခဏထွက်ပြေးတိမ်းရှောင်ရသည့်အတွက် ၎င်းတို့ရွာများရှိကျောင်းများကို ပိတ်ထားခဲ့ရပြီး ကျောင်းပညာရေးကိုလည်း လွတ်လပ်စွာဆည်းပူးနိုင်ခြင်းမရှိပေ။ ဥပမာတစ်ခုပြရမည်ဆိုလျှင် ၂၀၂၂ ခုနှစ်အတွင်း ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ သေဘောဘိုးကျေးရွာအုပ်စု၊ သေဘောဘိုးကျေးရွာတွင် တိုက်ပွဲကြောင့်၊ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံများ မကြာခဏထွက်ပြေးတိမ်းရှောင်ရပြီး ကျောင်းဆရာ၊ ဆရာမများလည်း သေဘောဘိုးကျောင်းကို မကြာခဏပိတ်ထားခဲ့ရသောကြောင့် ဒေသခံကျောင်းသားများသည် လွတ်လပ်စွာပညာဆက်လက်ဆည်းပူး

စာမျက်နှာ ၁၀ သို့ ▶▶ ▶▶

▶▶ ▶▶ စာမျက်နှာ ၉ မှ အဆက်

နိုင်ခွင့်မရခဲ့ပါ။ သို့သော်လည်း တစ်ချို့သောစစ်ဘေးရှောင်နေရာများတွင် ယာယီကျောင်းငယ်များဆောက်၍သော်လည်းကောင်း၊ အမိုးအကာမရှိဘဲအဆင်ပြေသည့်နေရာတွင်သော်လည်းကောင်း ကလေးများကို စာသင်ကြားပေးလျှက်ရှိသည်။

KHRG ၏မှတ်တမ်းများအရ စစ်ဘေးရှောင်ရွာသားများအများစုသည် ကူညီထောက်ပံ့မှုမရရှိကြပါ။ တစ်ချို့သောနေရာများတွင် CIDKP၊ KWO၊ KORD အပါအဝင် အခြားသောပရဟိတ္တလူမှုအဖွဲ့အစည်းအစရှိသည့် ဒေသခံအဖွဲ့အစည်းများမှ စစ်ဘေးရှောင်ရွာသားများအတွက် စားနပ်ရိက္ခာနှင့် အခြားလိုအပ်သောထောက်ပံ့မှုများရရှိရန် စွမ်းစွမ်းတမံ ကူညီပံ့ပိုးပေးကြပါသည်။ သို့သော်လည်း တစ်ချို့သောနေရာများတွင် ်ကူညီထောက်ပံ့မှုများ လိုအပ်နေဆဲပင်ဖြစ်သည်။

▶▶ ▶▶ စာမျက်နှာ ၈ မှ အဆက်

ဖွန်လ ၂၉ ရက်နေ့တွင် စစ်ကောင်စီစစ်သားများသည် ပရယောကျေးရွာအုပ်စု၊ မူဒေးကျေးရွာသို့သွားရန် ဘောနော်မြစ်ချောင်းကို လှေဖြင့်ဖြတ်ကူးလာစဉ် ၎င်းတို့သေနတ်တစ်ချို့ ချောင်းထဲသို့ပြုတ်ကျခဲ့သည်။ ထို့နောက် ပူဒေးကျေးရွာတွင် ၎င်းတို့တစ်ညအိပ်ခဲ့ပြီးနောက် လေးကေတပ်စခန်းမှ ဖမ်းဆီးခေါ်ဆောင်လာသော သောရွာသားများကို လွှတ်ပေးခဲ့သည်။ သို့သော်လည်း မကြာမီက ဖမ်းဆီးထားသောရွာသားများကိုတော့ မလွှတ်ပေးခဲ့ပါ။ နောက်တစ်ရက် မနက်ဖွန်လ ၃၀ ရက်နေ့တွင် စစ်ကောင်စီတို့သည် ဘောနော်ဖြစ်ချောင်းဆီသို့ ပြန်လာပြီး ခေါဖိုးပလက်ရွာသားနှစ်ဦးကို ၎င်းတို့ပြုတ်ကျခဲ့သော သေနတ်များအား ရှာဖွေပေးရန် ခိုင်းစေခဲ့သည်။ ထိုရွာသားနှစ်ဦးသည် ရေထဲတွင်ငုတ်၍ စစ်ကောင်စီသေနတ်များကို ရှာဖွေရရှိပြီးနောက် စစ်ကောင်စီတို့သည် ခေါဖိုးပလက်ကျေးရွာသို့ပြန်လာပြီး ကောဟဲကျေးရွာအုပ်စု၊ ကောဟဲကျေးရွာသို့ သွားခဲ့ပြန်သည်။

စစ်ကောင်စီတို့သည် ကောဟဲကျေးရွာသို့ရောက်ရှိပြီးနောက် ရွာသားသုံးဦးကို ထပ်မံဖမ်းဆီးခဲ့ပြန်သည်။ ထိုရွာသားသုံးဦးတွင် အသက်မပြည့်သေးသည့် ကျောင်းသားနှစ်ဦး ပါဝင်သည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ကမမောင်းမြို့အနီး မဲကြည်တောင်ခြေအောက်တွင် ရောက်ရှိသောအခါမှသာ စစ်ကောင်စီတို့သည် ဖမ်းဆီးထားသော ခေါဖိုးပလက်ရွာသား၊ ကောဟဲရွာသားနှင့် တာဒိုထရွာသားများကို လွှတ်ပေးခဲ့သည်။

## တပ်စခန်းတည်ဆောက်ရန် သစ်နှင့်ဝါးများကို ရွားသားများထံ တောင်းခံခြင်း

BGF တပ်ရင်း(၁၀၁၄)တပ်ရင်း ဗိုလ်မောင်ချစ်လက်အောက်ခံ တပ်ခွဲ(၂)၏ ဗိုလ်တင်ဝင်းသည် ညောင်ကုန်း၌တည်ရှိနေသော စစ်တပ်စခန်း ဗိုလ်စော်ဖားကနူးနှင့် စော်မိုးဟေးတို့ ပူးပေါင်းခဲ့သည်။ ၂၀၂၁ ခုနှစ်၊ စစ်ကောင်စီအာဏာသိမ်းစည်းပြီးနောက် ရွာအတွင်း၌တည်ရှိသော ခလဲဟဲစစ်တပ်စခန်းသစ်နှင့် BGF တပ်ရင်း(၂၀၁၄)သည် စစ်ပွဲဖြစ်ခဲ့သည်။ ဒီဇင်ဘာ ၂၀၂၁ ခုနှစ်မှ ဇူလိုင်လ ၂၀၂၂ ခုနှစ်အတွင်း BGF တပ်ခွဲ(၂)သည် စစ်စခန်းနှင့်နီးစပ်သော ရွာသားများကို စစ်စခန်းတပ်ပြင်ဖို့ရန်အတွက် သစ်များကိုထမ်းခိုင်းသည်မှာ (၅)ကြိမ်မြောက်ရှိခဲ့ပြီ။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုမှာ စော်ဖါးကနူးက ဝ....၊ သ...နဲ့...ဟ...ရွာလူကြီးကို သထုံခရိုင်၊ ဘားအံပြည်နယ်၊ ကျိုးမသွဲကျေးရွာ၌တွေ့ဆုံပြီး ရွာသားများအားသွား၍ သစ်ခုတ်ရန် အတင်းအကျပ်သစ်သွားခုပ်ခိုင်တယ်ပြီးတော့ ခလဲဟစစ်တပ်စခန်းသို့ပို့ပေးရန် ပြောခဲ့သည်။ ထိုကြောင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဝ...၊ သ...နှင့်ဟ..ရွာသား(၃)ဦးကို သစ်သွားခုတ်ခိုင်း၍ သစ်များကို BGF စစ်တပ်စခန်းသို့ပို့ပေးရန် ကားကြီးများကိုလည်း ငှားပေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့နှင့် ၇ ရက်အတွင်း လေးကေးစစ်တပ်၌တည်ရှိနေသော စစ်ကောင်စီတပ်သားများသည် လေးကေးစစ်တပ်အနီး၌နေထိုင်သော ရွာသားများကိုခေါ်၍ လေးကေးစစ်တပ်စခန်းဖြစ်သော လေးကေး၊ ပရရော၊ သူးကဘီး၊ လားခလ်အော့နှင့် မူးဒေးရွာသားများသွားခုတ်ပြီး သူတို့ကို သစ်ကူးတအိမ်စာအတွက် (၁)သစ်သားနှင့်အတူဆန်၊ ဝံအဆောဒူးနှင့် လားခေးသသစ်သားများ ပို့ပေးခဲ့သည်။ လေးကေးစစ်တပ်နှင့် အနည်းငယ်ဝေးလံတဲ့နေရာမှာနေထိုင်သောရွာသားများသည် စစ်ကောင်စီ၏အမိန့်ကို မလိုက်နာသော်လည်း လေးကေးရွာသားများသည် စစ်တပ်နှင့်နီးသောကြောင့် အမိန့်ကို မလွန်ဆန်နိုင်ခဲ့ပေ။ လေးကေးစစ်စခန်း၏အနီးတွင်တည်ရှိသောကျေးရွာများမှရွာသားများသည် ဤအမိန့်အားလိုက်နာဆောင်ရွက်ခြင်းမရှိကြပါ။ သို့သော် လေးကေရွာသည် စစ်ကောင်စီစစ်စခန်းနှင့်အနီးကပ်တည်ရှိပြီး ၎င်းတို့အနေဖြင့် ဆန်နှင့်သစ်သားများရောင်းရန် မရှိသော်လည်း ၎င်းတို့အနေဖြင့် ဤအမိန့်ကိုလိုက်နာကာ ဆန် (၁၅) တင်းနှင့် သစ်များကို တစ်ကြိမ်သွားရောက်ပို့ခဲ့ပြီဖြစ်ပါသည်။ စစ်ကောင်စီတပ်သားများသည် ၎င်းတို့အား သစ်၊ ဝါးများကိုထပ်မံပို့ဆောင်ရန် အမိန့်ပေးသော်လည်း ရွာသားများအနေဖြင့် အခြေအနေအားစောင့်ကြည့်နေဆဲဖြစ်ပါသည်။ လေကေစစ်စခန်းတွင် အခြေစိုက်သောစစ်ကောင်စီတပ်သားများသည် စစ်ကွပ်ကဲအခြေစိုက် (စကစ) အမှတ် (၈) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၄၀၁) စစ်ကြောင်း အမှတ် (၂) ဖြစ်ပြီး ၎င်းတို့၏ ရာထူးအကြီးဆုံးတပ်မှူးမှာ တပ်ရင်း (၂) ဖြစ်ပြီး ခေါင်းဆောင်မှာ ရန်လင်းအောင်ဖြစ်ပါသည်။

# တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု

တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား နိုင်ငံတကာတရားခုံရုံးများမှ အရေးယူဆောင်ရွက်မှုပုံစံများကို အောက်တွင်ဖော်ပြရေးသားထားပါသည်။

## ၁. အာဂျင်တီးနား

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အာဂျင်တီးနားနိုင်ငံမှ နိုင်ငံတကာတရားစီရင်ခွင့်အခြေခံဖြင့် မြန်မာနိုင်ငံကို ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်ရန် ဆုံးဖြတ်ခဲ့သည်။ နိုင်ငံတကာတရားစီရင်ခွင့်ဆိုသည်မှာ နိုင်ငံတကာဥပဒေကိုချိုးဖောက်သည့် ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများ (အထူးသဖြင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု)ကို နိုင်ငံတစ်နိုင်ငံ၏ခုံရုံးမှ တရားစီရင်ပိုင်ခွင့်ရှိသည့် အခြေခံမှုဖြစ်သည်။ အာဂျင်တီးနားခုံရုံးမှ မျက်မြင်သက်သေများနှင့် ကျူးလွန်ခံရသူများ၏ ထွက်ဆိုချက်များကိုရယူနေပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံအတွက်လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား(IIMM)မှ ရရှိထားသောအချက်အလက်များကိုလည်း အသုံးပြုသွားရန်ရည်ရွယ်ထားသည်။ အာဂျင်တီးနားနိုင်ငံ၏ တရားရေးဆောင်ရွက်ချက်များသည် စစ်ကောင်စီမှကျူးလွန်နေသော အကြမ်းဖက်မှုများအပေါ် တရားမျှတမှုရရှိရန် မျှော်လင့်ချက်တစ်ခုဖြစ်လာခဲ့သည်။

## ၂. နိုင်ငံတကာတရားရုံး

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံမှ ရိုဟင်ဂျာလူမျိုးများအပေါ် မြန်မာစစ်တပ်၏ အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတကာတရားရုံးတွင် အမှုဖွင့်ခဲ့ပါသည်။ ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအား လူမျိုးတုံးသတ်ဖြတ်မှုစာချုပ်ကို ချိုးဖောက်မှုဖြင့် အမှုဖွင့်ခဲ့ပါသည်။ မြန်မာနိုင်ငံမှဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရိုဟင်ဂျာလူမျိုးများနှင့် ဆက်စပ်မှုမရှိသောကြောင့် အမှုဖွင့်ပိုင်ခွင့်မရှိဟူသော အကြောင်းပြချက်ဖြင့် အမှုကိုကန့်ကွက်ခဲ့သော်လည်း နိုင်ငံတကာတရားရုံးမှလူမျိုးတုံးသတ်ဖြတ်မှုစာချုပ်ရေးထိုးထားသည့်နိုင်ငံများသည် လူမျိုးတုံးသတ်ဖြတ်မှုများကို ကာကွယ်တားဆီးရန် တာဝန်ဝတ္တရားရှိသည်ဟူသောအချက်ဖြင့်အမှုကို လက်ခံခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ICJ မှ မြန်မာနိုင်ငံ၏ကန့်ကွက်ချက် ၄ ချက်စလုံးကို ပယ်ချခဲ့သည်။

## ၃. အင်ဒိုနီးရှားဖွဲ့စည်းပုံတရားရုံး

အင်ဒိုနီးရှားနိုင်ငံမှ မြန်မာစစ်ခေါင်းဆောင်များကို အရေးယူနိုင်ရန် အင်ဒိုနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံတရားရုံးကိုလည်း နိုင်ငံ၏လူ့အခွင့်အရေးဥပဒေကိုပြင်ဆင်ရန် တောင်းဆိုသည့်လက်မှတ်ရေးထိုးတောင်းဆိုမှုလည်း ရှိနေသည်။ တောင်းဆိုသူများသည် အာဆီယံနိုင်ငံများအတွင်း လွှမ်းမိုးနိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်များပါဝင်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ဖွဲ့စည်းပုံတရားရုံးသည်လည်း ဤတောင်းဆိုမှုကို တိုင်ပင်ဆွေးနွေးနေပြီး ပြင်ဆင်မည်ဟု ဆုံးဖြတ်ပါက အာဆီယံနိုင်ငံများထဲတွင် မြန်မာစစ်ကောင်စီကိုအရေးယူဆောင်ရွက်နိုင်မည့် ပထမဦးဆုံးသောနိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

## ၄. တူရကီနိုင်ငံ

တူရကီနိုင်ငံတွင် မြန်မာစစ်ခေါင်းဆောင်များအား ညှင်းပန်းနှိပ်စက်မှုဖြင့် အမှုတစ်ခုကိုဖွင့်ထားသည်။ အမှု၏အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ထားခြင်းမရှိသေးသော်လည်း ရန်ကုန်တိုင်းမင်္ဂလာဒုံမြို့နယ်ရှိ ရေကြည်အိုင်စစ်ကြောရေးစခန်းအတွင်းဖြစ်ပွားခဲ့သောညှင်းပန်းနှိပ်စက်မှုများကိုအခြေပြုထားသည့် အမှုဖြစ်ကြောင်းသိရှိရပါသည်။

## ၅. ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံတကာရာဇဝတ်ခုံရုံးမှ မြန်မာ/ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်စပ်သည့်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ခွင့်ပြုချက်ပေးခဲ့ပါသည်။ နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားစီရင်ပိုင်ခွင့်အောက်တွင်ရှိသည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရောမစာချုပ်ကို လက်မှတ်ရေးထိုးသည့်ခုနှစ်ဖြစ်သည့် ၂၀၁၀ ခုနှစ်ဇွန်လ ၁ ရက်နေ့မှစတင်ပြီး ကျူးလွန်သောရာဇဝတ်မှုအားလုံးကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ပါသည်။ မြန်မာ/ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပတ်သက်သည့် ရာဇဝတ်မှုများသည် အထူးသဖြင့် ရိုဟင်ဂျာလူမျိုးများနှင့်ပတ်သက်သည့် ချိုးဖောက်မှုများဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏နယ်နိမိတ်အတွင်း အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ဒေသကျူးလွန်ခဲ့သည့် ရာဇဝဝတ်မှုများပါဝင်ပါသည်။

# ppfaumif;pDStoct{if;t m;owfjzwfl

စစ်ကောင်စီအာဏာသိမ်းသည့်အချိန်မှစ၍ ကရင်ပြည်နယ်အတွင်းတွင် လက်နက်ကိုင်ပဋိပက္ခများ ပိုမိုများပြားလာသည်သာမက အပြစ်မဲ့ပြစ်သူများအား သတ်ဖြတ်မှုသည်လည်း ပိုမိုများပြားလာသည်။ ၂၀၂၂ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအတွင်း KHRG မှတ်တမ်းများ၏ ဖော်ပြချက်အရ လူ့အခွင့်အရေးချိုးဖောက်မှုများအနက် သတ်ဖြတ်မှု၊ ဖမ်းဆီးထိန်းသိမ်းမှုနှင့် ပြည်သူများအပေါ် ရက်စက်သည့်အကြမ်းဖက်မှုများသည်လည်း ပိုမိုများပြားလာပါသည်။ KHRG မှ ဒူးသထူခရိုင်၊ တောအူးခရိုင်၊ ခလယ်လွိုထူခရိုင်၊ မြိတ်-ထားဝယ်ခရိုင်၊ မူတြော်ခရိုင်နှင့် ဒူးပလာယာခရိုင်များအတွင်းတွင် သတ်ဖြတ်မှု (၉) ခု၊ ဖမ်းဆီးထိန်းသိမ်းမှုနှင့် အကြမ်းဖက်မှု (၁၆) ခုကို မှတ်တမ်းပြုစုရခဲ့ပါသည်။ ဒေသခံပြည်သူများအား သတ်ဖြတ်၊ ဖမ်းဆီးပြီး အကြမ်းဖက်သူများသည် SAC တပ်သားများဖြစ်ပြီး၊ ၎င်းတို့သည်ဒေသခံများမှ ၎င်းတို့အားတော်လှန်တိုက်ခိုက်နေသောသူများနှင့် လက်တွဲလုပ်ဆောင်နေကြောင်း ထင်မြင်ချက်နှင့် ပစ်တင်မှုကြောင့် တိုက်ပွဲဖြစ်ပွားနေသည့်အချိန်ကာလအတောအတွင်းဖြစ်စေ၊ တိုက်ပွဲဖြစ်ပွားပြီးသည့်အချိန်တွင်ဖြစ်စေ၊ SAC တပ်သားများမှ ရွာထဲသို့ဝင်ရောက်ပြီး အပြစ်မဲ့သည့်ဒေသခံများအား ပစ်သတ်ခဲ့သည်။ အချို့(SAC တပ်သားများ)မှာ ဒေသခံများအား သတင်းမေးမြန်းခဲ့ကြပြီး ဒေသခံများမှမဖြေဆိုမပြောပြနိုင် သောကြောင့်ပစ်သတ်ခဲ့ကြသည်။ အချို့မှာဒေသခံများအား လမ်းပြခိုင်းခဲ့ကြသည်။ KHRG လက်လှမ်းမမီသော နေရာဒေသနှင့် မှတ်တမ်းပြုစုမှုမလုပ်နိုင်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုစွာလည်း ရှိနေအုံးမည်ဖြစ်သည်။

## သတ်ဖြတ်မှု

၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် SAC ခြေမြန်တပ်ရင်း(၄၀၃)၊ (၄၀၄)နှင့် (၄၀၅)တပ်သားများသည် မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ တောင်ပျောက်တိုက်ဒေသ၊ ဧ---ရွာသား ဆေးဆရာဝန် စောဆ---အားဖမ်းဆီးခဲ့ပြီး၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်အချိန်တွင် သူ့အားရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့သည်။ ထိုဆေးဆရာဝန်သည် မည်သည့်အဖွဲ့အစည်းနှင့်မျှ ဆက်နွယ်ခြင်းမရှိသည့်အပြင် သူ၏အိမ်တွင် ဆေးကုသမှုလာရောက်ခံ ယူသူများကိုသာ ဆေးကုသပေးခြင်းဖြစ်သည်။

ထို့နောက် ၂၀၂၂ ခုနှစ်၊ မေလ ၅ရက်နေ့တွင် နယ်ခြားစောင့်တပ် BGF တပ်ရင်း(၁၀၁၄)တပ်မှ စောတ---အား ဒူးသထူခရိုင်၊ ဖားအံမြို့နယ်၊ မဲသနာကျေးရွာအုပ်စု၊ မဲသနာရွာနှင့် ထီးကြူရွာအကြားတွင် သတ်ဖြတ်ခဲ့သည်။ စောတ---သည် ဆိုင်ကယ်စီးပြီး သူ၏နွားများအား အစာသွားရှာပေးခဲ့ချိန်တွင် ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်။ သူဆိုင်ကယ်မောင်းချိန်တွင် BGF တပ်ရင်း(၁၀၁၄)တပ်သားများမှ သူ့ကိုခေါ်ခဲ့သော်လည်း ဆိုင်ကယ်၏စက်သံကြောင့်မကြားမိဘဲ ဆက်လက်မောင်းနှင်ခဲ့သည့်အတွက် BGF တပ်ရင်း(၁၀၁၄)မှသူ့အား ပစ်သတ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် SAC ဌာနချုပ် တပ်ရင်း(၃)၊ (၈)၊ (၁၅)နှင့် ခြေလျင်တပ်ရင်း(၆၁)တို့ပူးပေါင်း၍ ဒေသခံများသတိမထားမိသည့်အချိန်တွင် ရွာထဲသို့ဝင်ရောက်ခဲ့ပြီး ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်၊ လော်မူပယ်ကျေးရွာအုပ်စု၊ လ---ရွာ၏ရွာသား(၂)ဦးအားပစ်သတ်ခဲ့သည်။ SAC မှထိုရွာသား(၂)ဦးအား ပစ်သတ်ခဲ့ပြီးနောက် ရွာထဲရှိအိမ်အချို့ကို မီးရှို့ဖျက်စီးခဲ့သည်။ ထိုမှုခင်းဖြစ်ပွားခဲ့ပြီးနောက် ထွက်ပြေးတိမ်းရှောင်ခဲ့သည့်ရွာသားများမှ မိမိတို့၏ရွာထဲတွင် SAC မှ မြေမြှုပ်မိုင်းထောင်ခဲ့မည်ကို ကြောက်ရွံ့ကြပြီး မိမိတို့၏တိရစ္ဆာန်များအားပြန်ကြည့်ရန် ရွာထဲသို့မပြန်ရဲခဲ့ကြပေ။

တောအူးခရိုင်၊ ထောတထူမြို့နယ်ရှိ စောရ---၏မိခင်မှ “တိုက်ပွဲဖြစ်ပြီးတဲ့နောက်မှာ ဗမာစစ်သားတွေက ကျွန်မသားစောရ---ကို ခေါ်ယူစစ်ဆေးပြီးတဲ့နောက် သူ့ကိုသတ်လိုက်တယ်။ (သတ်ပစ်လိုက်တဲ့နေ့စွဲကိုတော့ မမှတ်မိတော့ပေ)။ ဗမာစစ်သားတွေကသူ့ကိုရိုက်သတ်တာလား ဒါမှမဟုတ်ပစ်သတ်တာလားတော့ သေချာမသိဘူး။”

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် SAC ခြေမြန်တပ်ရင်း(၄၃၉)၊ (၆၀၃)နှင့် ကြိုးပင်ဆိပ်တပ်ရှိ ပြည်သူ့စစ်တို့မှခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ ကိုနီကျေးရွာအုပ်စု၊ ပ---ရွာရှိ စောမ---ဈေးသွားသည့်အချိန်တွင် သူ့အားဖမ်းဆီးခဲ့သည်။ စောမ---သည် သာမန်လယ်သမားတစ်ဦးဖြစ်ပြီး ကျေးရွာတွင်းရှိ မည်သည့်အဖွဲ့အစည်းနှင့်မျှ ပတ်သက်ဆက်နွယ်မှုမရှိပေ။ SAC စစ်သားများမှ သူ့အားဖမ်းဆီးပြီးနောက်တစ်နေ့တွင် သူ၏ညီနှင့် ကျေးရွာရှိလူကြီးတစ်ဦးမှ SAC စစ်သားများထံသို့ အကျိုးအကြောင်းမေးရန် သွားရောက်ခဲ့ကြသည်။ ၎င်းတို့ရောက်သွားသည့်အချိန်တွင် မေးမြန်းခဲ့ရာ SAC စစ်သားများမှ စောမ---အား လွှတ်ပေးခဲ့ပြီးဟု ဖြေဆိုခဲ့သည်။ SAC စစ်သားများမှ စောမ---အား လွှတ်ပေးခဲ့ပြီးဟုဆိုသော်လည်း စောမ---အိမ်ပြန်ခဲ့သည်ကို မည်သူမျှမတွေ့ခဲ့ပေ။ နောက်တစ်ရက်နှစ်ရက်တွင် SAC စစ်သားများမှလူ(၂)ဦးအား ကြိုးပင်ဆိပ်သုသာန်သို့ဆွဲခေါ်သွားခဲ့သည်ကို တွေ့ရှိခဲ့ပြီးနောက် သေနတ်သံ(၂)ချက်၊ (၃)ချက်ကြားခဲ့သည်ဟု ရွာသားများ၏ပြောပြချက်အရ သူ(စောမ---)၏ညီမှ ကြားသိခဲ့ရသည်။ ထို့ကြောင့် စောမ---သည်လည်း အသတ်ခံလိုက်ရပြီးဟု ခန့်မှန်းကြသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ ကိုနီကျေးရွာအုပ်စု၊ န---ရွာရှိ စောဃ---သည်လည်း စောမ---အားဖမ်းဆီးခဲ့သည့် SAC တပ်ရင်းစစ်သားများ၏ ဖမ်းဆီးညှင်းဆဲမှုနှင့် သတ်ဖြတ်ခဲ့ခြင်းကို ခံခဲ့ရသည်။ ထိုနည်းတူ ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ ဝေစွဲကျေးရွာအုပ်စု၊ ဂ---ရွာရှိ စောခ---သည်လည်း ကြိုးပင်ဆိပ်ရွာသို့သွားရောက်ခဲ့စဉ် SAC ၏ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် ဒေသခံရွာသားများမှ ရွာထဲတွင်နေရန် ကြောက်ရွံ့ကြသည့်အတွက် အခြားနေရာတွင် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

၂၀၂၂ခုနှစ်စက်တင်ဘာလ ၁၂ ရက်နေ့တွင် အောင်းလောင်း စိန်တပ် SAC ခြေမြန်တပ်ရင်း(၅၉၉)နှင့် (၅၉၀)စစ်သား(၇)ယောက် (၈)ယောက်တို့မှ အောခီးဖောသို့သွားခဲ့စဉ် ခလယ်လွိထူခရိုင်၊ မူးမြို့ နယ်၊ တခေါ့ပွါကျေးရွာအုပ်စု၊ ထ---ရွာသားတစ်ဦးဖြစ်သည့် စောယ---အားတွေ့ရှိခဲ့ပြီး၊ သူ၏နောက်ကျောဘက်သို့ပစ်ခတ်ခဲ့ရာ ကျည်ဆံသည်သူ၏လည်ပင်းသို့ ပေါက်ထွက်ခဲ့ပြီး ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်နေရာ အနီးတစ်ဝိုက်တွင် သေဆုံးခဲ့သည်။ SAC စစ်သားများမှ ထိုရွာသားကို မည်သည့်အကြောင်းပြချက်ဖြင့် ပစ်သတ်ခဲ့သည်ကို သေချာမသိရပေ။ ထိုမှုခင်းဖြစ်ပွားခဲ့ပြီးနောက် ဒေသခံရွာသားများမှ မိမိတို့၏လုပ်ကိုင်စားသောက်ရာနေရာ လယ်ယာမြေများသို့ မသွားရဲတော့ပေ။

## ဒေသခံများအား အတင်းအဓမ္မဖမ်းဆီးမှုနှင့် အကြမ်းဖက် ညှင်းပန်းနှိပ်စက်မှု

၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ဒူးသထူခရိုင်၊ သထုံမြို့နယ် အတွင်း နံနက် ၉ နာရီခွဲချိန်တွင် SAC စစ်သားများမှ ရွာသား(၇)ဦး ဖြစ်သည့် ဒူးဝေါ်ကျေးရွာအုပ်စု၊ စ---ရွာသား စောန---(၄၁နှစ်)၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ တ---ရွာသား စောင---(၃၀နှစ်)၊ စောဖ---(၂၈နှစ်)၊ စောရ---(၂၃နှစ်)၊ စောပ---(၃၃နှစ်)နှင့် စောဝ---(အသက်မသိ) မိုးကောင်းကျေးရွာအုပ်စု၊ က---ရွာသားစောဘ---(၂၂နှစ်)တို့အား SAC ကိုတော်လှန်တိုက်ခိုက်သည့်သူများအား ထောက်ပံ့ကူညီမှုအကြောင်း ပြချက်ဖြင့် ဖမ်းဆီးညှင်းပန်းနှိပ်စက်ခဲ့သည်။ ၎င်းတို့အားဖမ်းဆီးပြီး (၄)ရက်မြောက်နေ့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ဒေသခံခေါင်းဆောင်များ၏ အာမခံ(လာဒ်ထိုးငွေပေး)မှုကြောင့် ၎င်းတို့(၆)ယောက်မှာ လွတ်မြောက်လာခဲ့သည်။ (ငွေမည်မျှပေးခဲ့ရသည်ကိုမသိရပေ)။ စောဝ---မှာမူ မည်သည့်တစ်ဦးတစ်ယောက်မှသူ့အား အာမခံချက်ပေးရဲသည့်သူမရှိသည့်အတွက် တစ်ယောက်တည်းကျန်ခဲ့ရသည်။ ထိုရွာသား(၆)ဦးကို မလွှတ်ခင် SAC စစ်သားများမှ ၎င်းတို့ကိုရွာထဲတွင် မတွေ့ချင်တော့ဘူးဟု ပြောခဲ့သည်။ တွေ့ခဲ့လျှင်သတ်ပစ်မည်ဟု ပြောဆိုခဲ့သည်။ ထို့ကြောင့် ထိုရွာသားများမှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ်၊ မေလပထမအပါတ်တွင် စောဝ---လွတ်မြောက်လာခဲ့သည်။ SAC မှသူ့အား ဖမ်းဆီးထိန်းချုပ်မှုမှာ မည်သည့်အကျိုးမှုမရှိဟုဆိုကာ လွှတ်ပေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ညနေ ၄ နာရီဝန်းကျင်တွင် SAC ခြေလျင်တပ်ရင်း(၂၆၇)သည် မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ တောင်ပျောက်တိုက်ဒေသ၊ သဲချောင်းကြီးကျေးရွာအုပ်စု၊ ည---ရွာတွင် NUG ကျောင်းများဖွင့်ခဲ့သည့်အတွက် ရွာထဲသို့ အမြောက်ကြီးများပစ်ခတ်ခဲ့သည်။ လက်နက်ကြီးများပစ်ခတ်ခဲ့ပြီးနောက် SAC ခြေလျင်တပ်ရင်း(၂၆၇) စစ်သားများသည် ရွာထဲသို့ဝင်ရောက်ခဲ့ပြီး ရွာသားများအား ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံခဲ့ရသည့်ရွာသားများအနက် ဦးဒ---၏တင်ပြချက်အရ "သူတို့ကျွန်တော်ကိုစစ်ဆေးတဲ့အချိန်မှာ မတရားရိုက်နှက်ညှင်းပန်းခဲ့တယ်။ သူတို့ကျွန်တော်ကိုမေးလိုက်၊ ထိုးလိုက်၊ ကန်လိုက်နဲ့ ပြီးတော့ကျွန်တော်ခန္ဓာကိုယ်တစ်ကိုယ်လုံးကို ကြိုးနဲ့တင်းတင်းကြပ်ကြပ်ချည်ထားတဲ့အတွက် ကျွန်တော်မလှုပ်နိုင်တော့ဘူး။ ဒါ ကျွန်တော်ရဲ့အခွင့်အရေးကို လုံးဝထိပါးတာဘဲ။ သူတို့ကျွန်တော့်ကို သတ်ပစ်မယ်လို့ မကြံရွယ်ခင်တစ်နေ့မှာဘဲ ကျွန်တော်ထွက်ပြေးခဲ့တယ်။ ဒေသခံပြည်သူတွေ ကြုံတွေ့ခံစားနေရတာကို နိုင်ငံတကာလူမှုဝန်းကျင်က ဒီတိုင်းဘဲငြိမ်နေ၊ ကြည့်နေမှာလား။ သူတို့ဘာတစ်ခုမှ မကူညီနိုင်တော့ဘူးလား။"

ထို့ပြင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ သ---ရွာသားစောလ---သည် သူ၏အိမ်ဘေးတွင် မတ်တပ်ရပ်နေစဉ်တွင် မည်သည့်အကြောင်းပြချက်မျှမရှိဘဲ ပါးရိုက်ခံခဲ့ရပါသည်။ စောလ---၏မျက်နှာမှာ ညိုမဲစွဲပြီး နာကျင်မှုကိုခံစားရပါသည်။ ဤမှုခင်းသည် မေလ ၃ ရက်နေ့ မွန်းလွဲပိုင်းတွင်ဖြစ်ပွားခဲ့ပြီး၊ ကျူးလွန်ခဲ့သူများမှာ SAC (စကခ-၈) လက်အောက်ခံဖြစ်သည့် ခြေလျင်တပ်ရင်း(၄၀၃)စစ်သားများနှင့် ဗိုလ်ဟင်နရီစီမံခန့်ခွဲမှုအောက်တွင်ရှိသည့် BGF တပ်ရင်း(၁၀၁၁)စစ်သားများဖြစ်သည်။ ဤကျူးလွန်မှုကို ၎င်းတို့မယ်ပရီတပ်နှင့် နကြီးတပ်တို့တွင်ကင်းလှည့်ခဲ့စဉ် သ---ရွာသို့ရောက်ခဲ့သည့်အချိန်တွင် ဖြစ်သည်။ SAC စစ်သားများနှင့် BGF စစ်သားများ၏ ဖမ်းဆီးခံခဲ့ရသည့် ဒေသခံတစ်ဦး၏တင်ပြချက်အရ "SAC စစ်သားများသည် သူတို့ကိုရှေ့ကသွားခိုင်းပြီး၊ သူတို့ကနောက်ကလိုက်တယ်။ သူတို့ရွာသားတွေကို မေးခွန်းတွေမေးတယ်။ ရွာသားတွေကပြန်ဖြေတဲ့အခါကျ သူတို့စိတ်တိုင်းမကျရင် ရွာသားတွေကိုထိုးတယ်။"

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် တပ်ရင်းနံပါတ်မသိရသည့် SAC စစ်သားများမှ မြိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ထီးလယ်ကလေးကျေးရွာအုပ်စု၊ ဝါကိုးရွာသား(၂)ဦးကို ဖမ်းဆီးခဲ့ပြီး၊ ၎င်းတို့ကို ထားဝယ်မြို့သို့ခေါ်ဆောင်သွားပြီး၊ ထိုသူတို့၏မိသားစုကိုလည်း ဆက်သွယ်ခွင့်၊ တွေ့ခွင့်မပေးခဲ့ပေ။ ၎င်းတို့မည်သည့်အရာများကို ကြုံတွေ့ရသည်ကို (မှတ်တမ်းပြုစုရချိန်တွင်) ၎င်းတို့၏မိသားစုများမှ မသိရပေ။

KHRG ၏မှတ်တမ်းများအနက် SACစစ်သားများသည် ၎င်းတို့ဖမ်းဆီးထိန်းချုပ်ထားသည့် ဒေသခံရွာသားများကို ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်မှုမပေးပါ။ SAC စစ်သားများ၏ ဖမ်းဆီးမှုခံရသည့် ဒေသခံများအနက် ဒေသခံတစ်ဦး၏ဖော်ပြချက်အရ "နှစ်ရက်အတွင်းမှာ SAC စစ်သားတွေက ကျွန်တော်တို့ထမင်းနှစ်နပ်ဘဲ ကျွေးတယ်။ သူတို့တွေက ကျွန်တော်ကိုတင်းတင်းကြပ်ကြပ်ချည်ထားတဲ့အတွက် သွေးတောင်ကောင်းကောင်းမလည်ပတ်နိုင်တော့ဘူး။"

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ ဃောမယ်ရွာအနီးတွင် ပြည်သူ့စစ်(PDF)နှင့် SAC စစ်သားများအကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် SAC စစ်သားများမှ အမည်မသိရသည့်ရွာသားတစ်ဦးကို ဖမ်းဆီးပြီး၊ သေသည့်အထိညှင်းပန်းနှိပ်စက်ခဲ့သည်။

SAC ခြေတပ်ရင်း(၄၀၃)စစ်သားများသည် မြိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ထီးလယ်ကလေးဒေသ၊ ညားဖြားရွာထဲသို့ဝင်ရောက်ခဲ့ပြီး၊ ဒေသခံ(၃)ဦးကို ဖမ်းဆီးခဲ့သည်။ (အမှုဖြစ်ပွားခဲသည့်နေ့ မှန်ကန်တိကျသည့်ရက်စွဲကို မသိရပါ)။ SAC စစ်သားများသည် ၎င်းတို့ဖမ်းဆီးခဲ့သည့် ဒေသခံများကို SAC ခြေလျင်တပ်ရင်း(၄၀၁)တပ်ရှိ အချုပ်သို့ ခေါ်ဆောင်သွားသည်။ ထိုဒေသခံ(၃)ဦးသည် အချုပ်ခန်း

စာမျက်နှာ ၁၅ သို့

# မြေမြှုပ်မိုင်းပေါက်ကွဲမှု

## နှင့်

# နောက်ဆက်တွဲအကျပ်အတည်း

ကရင်ပြည်နယ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)နှင့် လက်နက်ကိုင်အဖွဲ့များအကြား ပဋိပက္ခပိုမိုများပြားလာပြီး မြေမြှုပ်မိုင်းအသုံးပြုမှုမှာလည်း များပြားလာပါသည်။ စစ်သားများမှ မြေမြှုပ်မိုင်းထောင်ခြင်းနှင့် မြေမြှုပ်မိုင်းဖြစ်ပွားမှုဖြစ်စဥ်များပြားလာသောကြောင့် ရွာသားများအနေဖြင့် အသက်မွေးဝမ်းကျောင်းအတွက် သွားလာကြရန် အခက်အခဲဖြစ်စေပါသည်။ ထို့အပြင် နေရပ်ထွက်ပြေးတိမ်းရှောင်နေကြရသည့် ရွာသားများအနေဖြင့် ၎င်းတို့၏ကျေးရွာသို့ ပြန်ရန် ကြီးမားသည့်အတားအဆီး ဖြစ်စေပါသည်။ ဤအစီရင်ခံစာတင်ပြချက်တွင် မြေမြှုပ်မိုင်းကြောင့် ထိုခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးမှုဖြစ်စဥ်တို့သည် ဒူးသထူ(သထုံ)ခရိုင်၊ တောင်ငူ(တောအူး)ခရိုင်၊ ခလယ်လွီထူ(ညောင်လေးပင်)ခရိုင်၊ မူတြော်(ဖာပွန်)ခရိုင်နှင့် ဘားအံ(ဖားအံ) ခရိုင်တို့တွင် ဖြစ်ပွားခဲ့ပါသည်။

### ခလယ်လွီထူခရိုင်

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ကဲနေ့ ညနေ ၃း၃၀ မိနစ်အချိန်တွင် SAC စစ်ကွပ်ကဲအခြေစိုက် အမှတ် ၃၊ ၈၊ ၁၅ နှင့် ခြေလျင်တပ်ရင်းအမှတ် ၆၀ မှ စစ်သားများပေါင်းစည်းကြကာ လ---ကျေးရွာ၊ လယ်မူပလောကျေးရွာအုပ်စု၊ လယ်ဒို(ကျောက်ကြီး)မြို့နယ်၊ ညောင်လေးပင်ခရိုင်သို့ ချက်ချင်းဝင်ရောက်ကာ(ရွာသားများ)သတိလက်လွတ်ဖြစ်ချိန်တွင် ရွာသားတစ်ဦးနှင့် ရွာသူတစ်ဦးအား ပစ်သတ်ခဲ့ပါသည်။ ထို့အပြင် SAC စစ်သားများသည် အဆိုပါရွာသားနှစ်ဦးအား ပစ်သတ်ခဲ့ပြီးသည့်နောက် အိမ်(၂၀)လုံးကိုပါ မီးရှို့ခဲ့ကြပါသည်။ ထို့ကဲ့သို့ဖြစ်ပွားပြီးသည့်နောက်ပိုင်း ရွာသားများသည် SAC စစ်သားများမှ ကျေးရွာအတွင်းမြေမြှုပ်မိုင်းထောင်ထားမည်ကို ကြောက်ရွံ့ကြသဖြင့် ၎င်းတို့၏ကျေးရွာသို့ မပြန်ရဲကြပါ။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ မနက် ၇း၀၀ အချိန်တွင် အသက်လေးနှစ်သားအရွယ် ယောကျ်ားလေးတစ်ဦးသည် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်ရှိ ကရင်ရိုးကြီးလှေဆိပ်တွင် ၎င်း၏မိခင်နှင့်အတူ လှေစောင့်ပြီး အပေါ့သွားသည့်အချိန်တွင် မြေမြှုပ်မိုင်းတစ်လုံးအား တက်နင်းမိခဲ့ပါသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် မိခင်ဖြစ်သူမှာလည်း ဒဏ်ရာရရှိသွားခဲ့ပါသည်။ မြေမြှုပ်မိုင်းထိမှန်ခဲ့ပြီးသည့်နောက် ရွာသားများသည် ၎င်းနှင့်မိခင်ဖြစ်သူအား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ဒေသခံတာဝန်ရှိသူများနှင့် ပရဟိတအသင်းတစ်သင်းမှ ၎င်းတို့၏မိသားစုအား ဆေးဝါးနှင့်အစားအစာ ကုန်ကျစရိတ်အချို့အား ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါယောကျ်ားလေးမှာ ခြေထောက်နှစ်ဖက်လုံးပြတ်သွားပြီး မိခင်ဖြစ်သူမှာ မျက်နှာတွင်ဒဏ်ရာရရှိသွားခဲ့ပါသည်။ မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမှ ဤမြေမြှုပ်မိုင်းအား ထောင်ထားသည်ကိုမသိရပါ။

### မူတြော်ခရိုင်

၂၀၂၂ နှစ်၊ ဧပြီလ ၈ ရက်နေ့ ညနေ ၉း၁၅ မိနစ်တွင် လူသောမြို့နယ်၊ ခေးပူကျေးရွာအုပ်စု၊ ဘ---ကျေးရွာနေ အသက် ၁၉ နှစ်အရွယ်ရှိ စောဆ---သည် တောင်ငူခရိုင်၊ မိုခီးသို့ အစားအစားသွားရောက်ဝယ်ယူရန် SAC စစ်သားများအသုံးပြုသည့်လမ်းအား ဖြတ်လာစဥ် SAC စစ်သားများမှထောင်ထားသည့် (၁၄-မမ) မြေမြှုပ်မိုင်းတစ်လုံးအား တက်နင်းမိခဲ့ပါသည်။ ထို့သို့သွားရာတွင် ကျီဒေးရွာသား ၁၀ ဦးလည်း ပါသွားပါသည်။ ၎င်းနှင့်အတူလိုက်ပါသွားသော ရွာသားများက တယ်ကော်ကျေးရွာအတွင်းရှိ ခေးပူဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။ ထို့နောက် ပနာအေပယ်ခိုကျေးရွာရှိ နော်ယိုထဆေးရုံတွင် ထပ်မံပို့ဆောင်ခဲ့ပြီး ဆေးရုံတွင် ၎င်း၏ဘယ်ဖက်ခြေထောက်အား ဖြတ်ပစ်ခဲ့ပါသည်။ ၎င်း၏ခြေထောက်တစ်ဖက် ပြတ်သွားခြင်းကြောင့် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ရန် အခက်အခဲဖြစ်စေပါသည်။

၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ခေးပူကျေးရွာအုပ်စု၊ ဘ---ကျေးရွာနေ အသက် ၂၇ အရွယ်ရှိ စောတ---သည် ၎င်း၏ယောက္ခမထံ အလည်အပတ်သွားပြီးပြန်လာချိန်တွင် မာဒေါထတာလူလမ်း၌ SAC ခြေမြန်တပ်ရင်းအမှတ်(၇၀၅)မှထောင်ထားသည့် မြေမြှုပ်မိုင်းတစ်လုံးအား တက်နင်းမိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ရွာသားများမှ ၎င်းအားလူသောမြို့နယ်၊ တယ်ကော်ဆေးခန်းတွင် ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြပါသည်။ တယ်ကော်ဆေးခန်းရှိ ကျန်းမာရေးဝန်ထမ်းများမှ ၎င်း၏ဒဏ်ရာအား သန့်စင်စည်းပေးခဲ့ကြပါသည်။ ထို့နောက် ၎င်းအားတစ်ရက်တည်းအတွင်း ပနာအေပယ်ခိုဆေးခန်းသို့ ပို့ဆောင်ခဲ့ကြပြီး ထိုဆေးခန်းတွင် ၎င်း၏ဘယ်ဖက်ဖြေထောက်အား ဖြတ်ပစ်ခဲ့ပါသည်။ ၎င်းအနေဖြင့် ခြေထောက်တစ်ဖက်ဆုံးရှုံးလိုက်ရသဖြင့် အသက်မွေးဝမ်းကျောင်းအခက်အခက်ကို ရင်ဆိုင်နေရပါသည်။ ထိုပြင် ဇနီးဖြစ်သူမှ ၎င်းအားဆေးခန်းတွင်သွားရောက်ဂရုစိုက်ပေးနေရပြီး အလုပ်ဝင်ငွေအဆင်မပြေမှုများကြောင့် အသက်မွေးဝမ်းကျောင်းစိန်ခေါ်မှုကိုလည်း ရင်ဆိုင်ကြရပါသည်။

ထို့နည်းတူ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဒ---ကျေးရွာနေ အသက် ၄၂ နှစ်အရွယ်ရှိ နော်လ---သည် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(KNLA) မှထောင်ထားသော မြေမြှုပ်မိုင်းတစ်လုံးအား တက်နင်းမိခဲ့ပါသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၎င်း၏ရင်ဘတ်နှင့်ရင်သားတို့တွင် ဒဏ်ရာရရှိသွားခဲ့ပါသည်။ ၎င်းအနေဖြင့် ရုပ်ပိုင်းဆိုင်ရာဆုံးရှုံးမှုမရှိသော်လည်း ၎င်း၏ရင်ဘတ်တွင်ထိမှန်သော ပေါက်ကွဲမှုအစအနများကို ထုတ်ပစ်၍မရသေးပါ။ အဆိုပါမြေမြှုပ်မိုင်းဒဏ်ရာရရှိသူအား ဆေးကုသမှုခံယူရန်အတွက် ဝါကာဒဲဆေးခန်းသို့ ပို့ဆောင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ မနက် ၉း၂၅ မိနစ်တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ ယ---ကျေးရွာရှိ အသက် ၂၄ နှစ်အရွယ် စောန---သည် နော်တယာလူနေရာတွင် SAC မှထောင်ထားသော (14–MM) မြေမြှုပ်မိုင်းတစ်လုံးအား တက်နင်းမိခဲ့ပါသည်။ မြေမြှုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားပြီးသည့်နောက်ပိုင်း စောန---အား ဆေးကုသမှုခံယူရန်အတွက် နော်ယိုထာဆေးခန်းသို့ ပို့ဆောင်ခဲ့ပါသည်။ ဇွန်လ ၂၂ ရက်နေ့ မနက်ပိုင်းတွင် ဆရာဝန်များမှ ၎င်း၏ညာဖက်ခြေထောက်အား ဒူးခေါင်းအောက်ပိုင်းအထိ ဖြတ်ပစ်ခဲ့ပါသည်။ နော်ယိုထဆေးခန်းတွင် ဆေးဖက်ဆိုင်ရာလုံလောက်မှုမရှိသဖြင့် မြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရရှိသူအနေဖြင့် ၎င်းကိုယ်တိုင် ဆေးဝယ်ယူရပါသည်။

## ဒူးသထူခရိုင်

၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဘူပရယ်ကျေးရွာအုပ်စု၊ ခလယ်ခဲကျေးရွာတွင် လက်လုပ်မြေမြှုပ်မိုင်းတစ်လုံး ရုတ်တရက်ပေါက်ကွဲသွားခဲ့ပါသည်။ အမည်မသိရသည့်လူတစ်စု၏ကားတွင် လက်လုပ်မြေမြှုပ်မိုင်း ရုတ်တရက်ပေါက်ကွဲသွားခဲ့ပြီး ရွာသားနှစ်ဦးသေဆုံးသွားခဲ့ပါသည်။ မြေမြှုပ်မိုင်းပေါက်ကွဲသွားသည့်အချိန်တွင် သ---ကျေးရွာနေ အသက် ၁၇ နှစ်အရွယ်ရှိ စောမ---နှင့် က---ကျေးရွာနေ အသက် ၁၈ နှစ်အရွယ်ရှိ စောဆ---နှစ်ဦးတို့သည် အဆိုပါလူတစ်စု၏ကားနောက်တွက် ဆိုက်ကယ်ဖြင့် ကပ်ရပ်မောင်းနှင်သဖြင့် မထင်မှတ်ပဲ ထိုမြေမြှုပ်မိုင်းမှာပေါက်ကွဲသွားခဲ့ပါသည်။ ၎င်းတို့နှစ်ဦးသည် ဝါးပိုးတောသို့ဖုန်းပြင်ရန်အတွက် သွားခဲ့ကြပါသည်။ မြေမြှုပ်မိုင်းထိမှန်ပြီးသည့်နောက် ၎င်းတို့နှစ်ဦးအား ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။ သို့သော်လည်း ၎င်းတို့ရရှိသည့်ဒဏ်ရာမှာ ပြင်းထန်သဖြင့် နှစ်ဦးလုံး သေဆုံးသွားခဲ့ကြပါသည်။

## တောအူးခရိုင်

၂၀၂၂ ခုနှစ်၊ ဇွန်လိုင်လ ၁၅ ရက်နေ့တွင် ထောတထူမြို့နယ်အတွင်းရှိ ဗမာစစ်စခန်းအနီးရှိကျေးရွာတွင် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့သဖြင့် စ---ရွာသားနှစ်ဦး ထိခိုက်သေဆုံးသွားပါသည်။ ထိုထိခိုက်သေဆုံးသွားသူနှစ်ဦးမှာ စောအ---နှင့် စောတ---တို့ ဖြစ်ကြပါသည်။ စောအ---သည် ညာဖက်ခြေထောက်နှင် နံရိုးထိခိုက်ဒဏ်ရာရရှိသွားခဲ့ပြီး စောတ---မှာ ဘယ်ဖက်ခြေထောက်တွင် ဒဏ်ရာရရှိသွားခဲ့ပါသည်။ SAC စစ်သားများသည် ကျေးရွာ၏အနီးတွင် စခန်းဆောင်လုပ်ကြသဖြင့် SAC စစ်သားများမှ လယ်ယာများသို့သွားပြီး ဖျက်ဆီးခြင်း၊ ခိုးယူခြင်းနှင့် မြေမြှုပ်မိုင်းများထောင်ထားမည်ကို ရွာသားများမှကြောက်ရွံ့နေကြပါသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖခိုမြို့နယ်၊ ရွာကြီးကျေးရွာအုပ်စုရှိ ရွာသားတစ်ဦးသည် မြေမြှုပ်မိုင်းတစ်လုံးအား တက်နင်းမိခဲ့ပြီး ၎င်း၏ညာဖက်ခြေထောက်တွင် ဒဏ်ရာရရှိသွားခဲ့ပါသည်။ မြေမြှုပ်မိုင်းထိမှန်ပြီးသည့်နောက် ၎င်းအား တောအူးဆေးရုံသို့ပို့ဆောင်ခဲ့ပါသည်။ ၎င်း၏ ဒဏ်ရာပြင်းထန်သောကြောင့် နှစ်ရက်မြောက်သောနေ့တွင် နေပြည်တော်ဆေးရုံသို့ ပို့ဆောင်ခဲ့ချိန်တွင် သေဆုံးသွားခဲ့ပါသည်။

လက်နက်ကိုင်ပဋိပက္ခ ပိုမိုတိုးများလာသဖြင့် မြေမြှုပ်မိုင်းဖြစ်ပွားမှုဖြစ်စဥ်များ ပိုမိုတိုးများလာပါသည်။ ထို့ကြောင့် ဒေသခံရွာသားများအနေဖြင့် လယ်ယာသို့သွားပြီး အလုပ်လုပ်ရန် မြေမြှုပ်မိုင်းတက်နင်းမိမည်ကို စိုးရိမ်ခြင်းနှင့် လုံခြုံမှုရှိသည်ဟုမခံစားရပါ။ ထို့ပြင် မြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် ဆေးရုံ/ဆေးခန်းတက်ရာတွင် ဆေးဝါးလုံလောက်မှုမရှိသောကြောင့် ၎င်းတို့ကိုယ်တိုင်ကုန်ကျစရိတ်ပေးရပါသည်။ ဤအစီရင်ခံစာတွင်ပါရှိသော မြေမြှုပ်မိုင်းဖြစ်ရပ်များကို KHRG မှ မှတ်တမ်းပြုစုထားခြင်းဖြစ်ပါသည်။ သို့သော်လည်း ကရင်ပြည်နယ်ရှိ ခရိုင်ခုနှစ်ခုတွင် မြေမြှုပ်မိုင်းဖြစ်ရပ်များ ထိုထက်များကောင်းများပေလိမ့်မည် ဖြစ်ပါသည်။

▶▶ ▶▶ စာမျက်နှာ ၁၃ မှ အဆက်

တွင် SAC စစ်သားများ၏ ညှင်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည်။ SAC စစ်သားများသည် ၎င်းတို့အရက်မူးချိန်တွင် ဒေသခံ(၃)ဦးကို စစ်ဆေးမေးမြန်းခဲ့ကြသည်သာမက ၎င်းတို့၏ခြေထောက်နှင့် သေနတ်ဒင်များဖြင့် ထုထောင်းကန်ခဲ့ကြသည်။ SAC စစ်သားများသည် ထိုရွာသား(၃)ဦးကို ခွေးစာနှင့်အလားတူသည့် ထမင်းများကို ကျွေးခဲ့ကြသည်။ သုံးလပြီးနောက်ထိုဒေသခံ(၃)ဦးကို ထားဝယ်မြို့ရှိရဲစခန်းသို့ပို့ဆောင်ခဲ့ကြသည်။ ဖမ်းဆီးခံရသည့်သူများ၏ မိသားစုဝင်များမှ ၎င်းတို့ကိုတစ်ခုခုပေးမည် သို့မဟုတ် သွားတွေ့မည်ဆိုလျှင် ရဲများကိုပိုက်ဆံပေးရသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ်(၃)၏ဖော်ပြချက်တွင် လူသားတိုင်းသည်လွတ်လပ်စွာ အသက်ရှင်ခွင့်နှင့် လုံခြုံစိတ်ချမှုအခွင့်အရေးများရှိသည်။ အပိုဒ်(၅)တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ညှင်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းနှင့်လူမဆန်စွာဂုဏ်ငယ်အရှက်ရအောင်ဆက်ဆံခြင်းမပြုရ။ အပိုဒ်(၉)တွင် မည်သူမဆို တိုင်းပြည်တွင်းရှိတည်ဆဲဥပဒေတစ်ရပ်ရပ်ကို ကြီးလေးစွာချိုးဖောက်ခြင်း၊ ပျက်ကွက်ခြင်း၊ ကျူးလွန်ခြင်းမရှိပါက တစ်စုံတစ်ဦး(သို့) အာဏာပိုင်များကလာ၍ ထိုသူကိုဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း စသောအရေးယူအပြစ်ပေးခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ မခံစားစေရ။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၏ ဖော်ပြချက်အရ SAC စစ်သားများသည် စည်းမျည်းဥပဒေများကို မလိုက်နာသည့်အပြင် ၎င်းတို့သည် ဒေသခံများအားသတ်ဖြတ်မှု၊ ဖမ်းဆီးထိန်းချုပ်မှုနှင့် ဆိုးရွားသည့်အကြမ်းဖက်မှုများစွာကို ကျူးလွန်ခဲ့သည်။



“အစကတော့ရွာသားတွေထင်တာက တိုက်ပွဲကခဏပဲကြာမယ်။ ဒါပေမဲ့ SAC စစ်သားတွေနဲ့ KNLA တပ်ဖွဲ့ကြားမှာ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်ပိုင်းမှာ SAC စစ်သားတွေက ကျေးရွာတွင်မှာဝင်ရောက်လာပြီး လက်နက်ကြီးတွေပစ်ခတ်ခဲ့တယ်။ အဲဒါကြောင့်ရွာသားတွေက သူတို့ရွာကိုမပြန်ရဲကြဘူး”

ရွာသား၊ မူးမြို့နယ်၊ ခလယ်လွီထူခရိုင်